မြဝတီ
နေ့စဉ်
ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၂၄၆)
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်




ဝန်ကြီးဌာနအဆင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။




ဝန်ကြီးဌာနအဆင့် အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဝန်ကြီးဌာနအဆင့် **အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ**ကို **စာမျက်နှာ ၁၆ ကော်လံ ၁** ❍

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှ အမျိုးသား (၇၀)ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်)

# နိုင်ငံတော်ကာကွယ်ရေးတာဝန်

ကမ္ဘာတည်သရွေ့မြန်မာနိုင်ငံရှိနေရမည်။ မြန်မာနိုင်ငံရှိနေသမျှ ကာကွယ်ရေးစွမ်းအား မြင့်မားနေရမည်။ ကာကွယ်ရေးစွမ်းအားမြင့်မားနေမှလည်း ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နေနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့်အတွက် တိုင်းရင်းသားအားလုံးသည် နိုင်ငံအတွက်ဆိုလျှင် တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေရမည်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည်။ အဆိုပါတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်ကာ ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်သည့်နေ့ရက် သတ်မှတ်ခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်များအဖြစ် အမျိုးသားဆိုလျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ အမျိုးသမီး ဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၇ နှစ်မပြည့်သေးသောနိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်လျှင်အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၄၅ နှစ်မပြည့်သေးသောနိုင်ငံသား ကိုလည်းကောင်း၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေး သောနိုင်ငံသားကိုလည်းကောင်း သတ်မှတ်ပေးထားသည်။

ကမ္ဘာ့နိုင်ငံအားလုံးတွင် မိမိနိုင်ငံ၏အချုပ်အခြာအာဏာကိုကာကွယ်ရန်အတွက် ကာကွယ်ရေး စွမ်းအားစုများစုဆောင်းနိုင်စေရန် ကွဲပြားခြားနားသည့်စစ်မှုထမ်းစနစ်များကို ကျင့်သုံးလျက်ရှိကြ သည်။ ထိုသို့ကျင့်သုံးသည့်နေရာတွင် မိမိနိုင်ငံအတွက် လိုအပ်ချက်နှင့်ကိုက်ညီသည့်ပမာဏကို စိစစ်ခေါ်ယူလေ့ရှိကြသည်။ နိုင်ငံတိုင်းတွင်ကျင့်သုံးလျက်ရှိသည့် စစ်မှုထမ်းဥပဒေများ၏ အနှစ်သာရမှာ မိမိနိုင်ငံကို ကာကွယ်ရန်ပင်ဖြစ်သည်။ နိုင်ငံရေးအခြေအနေများအရ လိုအပ်လျှင်စစ်မှုထမ်းဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာများတတ်ရမည်ဆိုသည့် အသိစိတ်ဓာတ်များရှိလာအောင် ပြဋ္ဌာန်း ထားကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည်ပင် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်က ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ယခုကာလတွင်အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

နိုင်ငံတိုင်းတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အား သုံးရပ်တို့ ပိုမိုရှင်သန်အောင်ဆောင်ရွက်လျက်ရှိကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်းဆောင်ရွက် နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်မွေးဖွားကြီးပြင်းသူတိုင်း မြန်မာနိုင်ငံတည်တံ့ခိုင်မြဲရေးအတွက် ကျရာတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးသည် မျိုးဆက်သစ်အဆက်ဆက်တို့ မပျက်မကွက်ထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ အဆိုပါအရေးသုံးပါးတွင် သုံးပါးစလုံးကို ခိုင်မာအောင် တည်ဆောက်ထားနိုင်မှဖြစ်ပေလိမ့်မည်။

အမျိုးသားရေးတာဝန်ထမ်းဆောင်ဖို့အတွက် မြန်မာနိုင်ငံ၏အတိတ်သမိုင်းဖြစ်ရပ်များက အသိပေးထား ပြီးဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးရခြင်း၊ လွတ်လပ်ရေးမဆုံးရှုံးသေးသော်လည်း တိုင်းတစ်ပါးသားတို့၏ ဩဇာခံအဖြစ်နေရခြင်းတို့မှာ နိုင်ငံတစ်နိုင်ငံအတွက် လုံးဝမလိုလားအပ်သောအရာဖြစ်သည်။ မြန်မာလူငယ် တို့၏ ပင်ကိုစိတ်ရင်း၊ စိတ်ဓာတ်အခံမှာ မိမိတို့တိုင်းပြည်နှင့်လူမျိုးချစ်မြတ်နိုးစိတ်ရှိထားပြီးဖြစ်သည်။ သို့သော်အဆိုပါစိတ်ဓာတ်ကို ပြည်ပကသွေးထိုးနှောင့်ယှက်အရောင်ဆိုးထားခြင်းကြောင့် အချို့သောလူငယ် များမှာ အနာဂတ်လမ်းမှန်ပျောက်ကာ တိုင်းပြည်ကိုဖျက်နေသည့်အကြမ်းဖက်အဖျက်သမားအဖြစ် ရောက်ရှိ နေခြင်းဖြစ်သည်။ အဆိုပါလူငယ်တို့၏အနာဂတ်မှာ ကြယ်ရောင်မလင်း၊ လမင်းမသာ၊ မှောင်နှင့်မည်းမည်း အကာလ အချိန်အခါတွင်ရှိနေသည်မို့ မိသားစုများအတွက်၊ နိုင်ငံအတွက် လူသားအရင်းအမြစ်များပျောက်ဆုံး သွားခြင်းဖြစ်သည်။

ယခုအခါနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ကာကွယ်ရေးမောင်းနှင်အားမြင့်မား ရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို နေပြည်တော် ကောင်စီအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ဖွင့်လှစ်ပေးလျက်ရှိသည်။ သင်တန်းများတွင် ယောကျ်ားကောင်းယောကျ်ားမြတ်၊ စစ်သားကောင်း၊ စစ်သားမြတ်များဖြစ်အောင် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကိုလေ့ကျင့်သင်ကြားပေးကြသည်။ နေ့စဉ်ရွတ်ဆိုနေရသော သစ္စာလေးချက်သည်ပင် လေးနက်လှသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏သစ္စာကိုစောင့်သိခြင်း၊ ကျဆုံးလေပြီးသောတပ်မတော်သားတို့၏သစ္စာကိုစောင့်သိခြင်း၊ ပေးအပ်သောတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ငါ၏အသက်ကိုစွန့်လွှတ်ခြင်းတို့မှာ ထူးခြားလေးနက်လှသည့်အဓိဋ္ဌာန်ပြုချက်များဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ နိုင်ငံ့ သားကောင်းများကိုမွေးထုတ်ပေးလျက်ရှိရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းသင်တန်းသား များသည် မြန်မာနိုင်ငံအနှံ့ရှိ တပ်ရင်းတပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ပါကြောင်းဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ် ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ် ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိ သော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ် သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၁၂-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆေးလိပ်ငွေ့ကင်းစင်နေရာ ၁၀၂ နေရာအထိ သတ်မှတ်ထား



ညောင်ဦး ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆေးလိပ်ငွေ့ကင်းစင်နေရာ ၁၀၂ နေရာအထိ သတ်မှတ်ထားနိုင်ပြီဖြစ်ကြောင်း ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ရွှေစင်ထိုက်၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင်နေရာ ၁၀၂ နေရာတွင် ဘုရားစေတီပေါင်း ၁၇ ဆူ၊ ရှေးဟောင်းအဆောက်အအုံ ၂၃ ခု၊ အစိုးရရုံးဌာန ၁၁ ခု၊ စာသင်ကျောင်း ခြောက်ကျောင်း၊ စားသောက်ဆိုင်ကိုးဆိုင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၃၁ ခု၊ ကလေးအားကစားကွင်း လေးခုနှင့် ရုပ်ရှင်ရုံတစ်ရုံတို့ ပါဝင်သည်။

"ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှာ ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းတွေကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ၂၀၁၅ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ပုဂံလျှင်ကြောင့် ရှေးဟောင်းစေတီပုထိုးတွေနဲ့ အဆောက်အအုံတွေ ထိခိုက်ပျက်စီးခဲ့တဲ့အတွက် ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းက ယာယီအားဖြင့် အရှိန်လျော့ကျခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၁၈ ခုနှစ်ကနေ လက်ရှိအချိန်ထိ ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာရွှေစင်ထိုက်ကပြောသည်။

အဆိုပါ ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများကို ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဒေသခံပြည်သူများနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ကျန်းမာရေးကောင်းကျိုးများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံတော်မှပြဋ္ဌာန်းထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း. သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါ အချက်အလက်များကို ပြည်သူများ သိရှိလိုက်နာလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဆေးလိပ်ငွေ့ကင်းစင်နေရာများ ဖော်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် စပါး ၉၆၁၀၂ ဧက ရိတ်သိမ်းပြီးစီး

ဝါးခယ်မ ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိတွင် ၉၆၁၀၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေမြင့်၏ပြောဆိုချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယင်းစပါးခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ ၉၆၁၀၂ ဧက ရိတ်သိမ်းပြီးဖြစ်ကာ တစ်ဧကလျှင် ၉၃ ဒသမ ၂၂ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးစပါးတွေကို အောက်တိုဘာလကနေ ပြန်လည်ရိတ်သိမ်းခဲ့တာ အခုဆိုရင် ၉၆၁၀၂ ဧကအထိ ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါး တစ်ဧကချင်း အထွက်နှုန်းကောင်းသလို စပါးအရည်အသွေးလည်း ကောင်းပါတယ်။ ဝါးခယ်မမြို့နယ်အပါအဝင် မြောင်းမြခရိုင်အတွင်းက မြို့နယ်တွေမှာ မိုးစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်မီအချိန်ကတည်းက သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်စေဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေ ပံ့ပိုးပေးပြီး စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကိုလည်း ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီတာပါ"ဟု ဒေါ်ခင်ငွေမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စပါး ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ GW-11၊ ပခမ်း၊ GW-3၊ ဧရာမင်း၊ မော်ဘီ-၁၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မော်ဘီ-၃၊ နယူးဧရာ-၁၊ GW-18 စသည့်စပါးမျိုးများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၅၉၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၅၉၄၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီစေရန် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၅၉၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ၅၉၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးအတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေက နေကြာကို သီးသန့်စိုက်ပျိုးကြသလို နှစ်သီးစားဝင်ငွေတိုးပွားစေဖို့ တခြားသီးနှံတွေနဲ့ရောနှောပြီး သီးညှပ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဆောင်ပြေတဲ့အတွက် နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး သီးနှံဝင်ငွေပိုမိုရရှိသည့်အတွက် တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ကူညီဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်ရေးနှင့် သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မြဝတီ ကာတွန်း



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

တစ်နေ့တွင် လက်ထောက်မြို့နယ်ပညာရေးမှူးသည် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းသို့ ပုံမှန်စစ်ဆေးရေးဝင်လာခဲ့သည်။ ကျွန်တော်ကလည်း သူ ခါတိုင်းစစ်ဆေးနေကျအတိုင်း လိုအပ်သော စာအုပ်စာတမ်းများကို ထုတ်ပေးသည်။ ဆရာ၊ ဆရာမများဆီက (က)စာရင်းများကို ယူပေးသည်။ လက်ထောက်မြို့နယ်ပညာရေးမှူးကလည်း စစ်ဆေးပြီး မေးစရာရှိတာမေးသည်။ လုပ်ငန်းဆောင်ရွက်မှုအပြီးမှာ သူ မောပန်းသွားလေသလားမသိ၊ ကွမ်းယာလေးမြုံ့ရင်း ခါးလေးဘာလေးဆန့်ပြီး အပြောင်းပြောင်းအပြန်ပြန် လမ်းလျှောက်ပစ်သည်။ ထိုစဉ် "ဒီမှာ စောင်တွေ၊ ခေါင်းအုံးတွေ၊ ခြင်ထောင်တွေပါလား၊ ဘယ်သူတွေ ဘာလာလုပ်တာတုံး"တဲ့။ အံ့ဩဟန် သူမေးသည်။ တို့ မြို့နယ်ပညာရေးမှူး ရုပ်သွင် ချက်ချင်းပြောင်းသွားသည်။

"ဟင် ဆရာကြီးပဲ ပြောထားတယ်လေ လပတ်အစည်းအဝေးမှာ ကျောင်းပြိုကျောင်းပျက်တွေမှာ သစ်တွေ၊ သွပ်တွေကို ညညဆို ခိုးခိုးယူနေကြတယ်လို့ကြားတယ်။ ကျောင်းအုပ်တွေ ကိုယ့်ကျောင်းမှာ ညတိုင်း စောင့်အိပ်ရမယ်" လို့ ပြောထားတယ်လေ။ အဲဒါကြောင့် ကျွန်တော် အထက်လူကြီးများရဲ့ အမိန့်အာဏာအတိုင်း တောင်ဥက္ကလာပကနေ ဒီမှာလာညအိပ်နေတာပါခင်ဗျ။

"ဟုတ်ပ့ါဗျာ၊ တို့ဆရာကြီးက တကယ့်ဦးဆွေးဆံမြည့်ပါလား Congratulation ပဲဗျာ"

လက်ထောက်မြို့နယ်ပညာရေးမှူးသည် ရယ်ကြဲကြဲနဲ့ ကျွန်တော့်လက်ကိုလှမ်းဆွဲပြီး အချိန်အတော်ကြာကြာ လှုပ်ပစ်လိုက်သည်။

တစ်ခါလည်း မှတ်မိသေးသည်။ လပတ်အစည်းအဝေးမှာပဲ အမျိုးသမီး မြို့နယ်ပညာရေးမှူးဆရာမကြီးပါပဲ။ ဆရာမကြီးမှာ အလုပ်ကောင်းကောင်းလုပ်သလို စကားလည်း များများပြောသည်။ အထက်ကညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်တတ်သလို ကိုယ့်မြို့နယ်တွင်းက ထက်၊ လယ်၊ မူ ကျောင်းအုပ်များကိုလည်း စနစ်တကျစီမံခန့်ခွဲသည်။ သူပြောသည့်အတိုင်း ဖြစ်မလာလျှင် အော်သည်၊ ဟောက်သည်။ ကိုယ်လုံးကလည်း ကြီးပါဘိသနဲ့။ ပေါင် ၂၀၀ ကျော်ရှိကောင်းပါရဲ့။ ပြောရင်းပြောရင်းနဲ့ ကျောင်းအုပ်တချို့လုပ်တာတွေ ဘဝင်ကျပုံမရဖြစ်သွားဟန်တူသည်။

"ရှင်တို့တွေ ပြောရင် ပြောသလို ဘာမှ ဟုတ္တိပတ္တိ လုပ်ထားကြတာမရှိဘူး။ မအေးအော်တာပဲ လူကြားတယ်၊ ကဏန်းညှပ်တာ ဘယ်သူမှမသိကြဘူး"တဲ့။

၅၀ ရာခိုင်နှုန်းသော ကျောင်းအုပ်များ ခေါင်းငုံ့ပြီး ကျိတ်ရယ်ဖြစ်သွားကြတာ ကျွန်တော် သတိထားမိလိုက်သည်။

"ရှင်တို့ အဲဒီဇယား မဆွဲတတ်ဘူး၊ မလုပ်တတ်ဘူးဆိုရင် ဆရာကြီးဦးဘညွန့်ကျောင်းသွားကြည့်ကြ၊ အဲဒီဆရာကြီး အသေအချာလုပ်ပြီး ဗီရိုမှာ ကပ်ထားတယ်"

အောင်မလေးဗျာ ကျွန်တော့်မှာ ချီးကျူးခံရလို့ ပီတိဖြစ်ရမည်မှ မကြံသေး၊ ကဏန်းလက်မကြားထဲ ကိုယ်များ ပါနေပြီလားလို့တွေးပြီး ရယ်ရမလို ငိုရမလိုလည်းဖြစ်ခဲ့ရ။

● ● ● ● ● ● ●

၂၀၁၂ ခုနှစ်သည်ကား ကျွန်တော့်ဘဝအတွက် အထင်ကရနှစ်ပေတည်း။ ကျောင်းကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေကုန်ရေခန်း ကြိုးစားပြုစုခဲ့သော ကျောင်းကြီးလည်း "အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း"ဟူသော ခေါင်းစီးကြီးဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် အလယ်တန်းကျောင်းကြီး တစ်ကျောင်း ထီးထီးမားမား ပေါ်ထွက်လာခဲ့လေပြီ။ (ဤသို့ အ.မ.က(၂၃) (လယ်/ခွဲ) ကို (လ/၂)ဟူ၍ ကျောင်းအမှတ်ငယ်ငယ်လေးကို ပိုင်ဆိုင်ရခြင်းမှာ ဒဂုံ(တောင်ပိုင်း)တွင် (လ/၂) ကို (ထ/၁) အဖြစ် အဆင့်မြှင့်ပေးလိုက်ခြင်းဖြင့် (လ/၂) သည် (မ/၂၃) (လယ်/ခွဲ)သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။) ဤနှစ်မှာပင် ကျွန်တော်သည်လည်း သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခဲ့ရပေတော့သည်။

ကျွန်တော် ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ၃၄ နှစ်တာကာလတစ်လျှောက်လုံး လူသားရင်းမြစ် ဘဝသစ်ကလေးများစွာကို ပညာရေးဥယျာဉ်ကြီးထဲ၌ ပေါင်းသင်ရေလောင်း ပြုစုပျိုးထောင်ခဲ့မှုကြောင့် ပန်းကလေးပေါင်းများစွာကို ဖူးစေ၊ ငုံစေ၊ ပွင့်စေခဲ့ပြီး လှပဝေဖြာ ပန်းကမ္ဘာဖြစ်စေခဲ့ပေပြီ။ ကျွန်တော့်မျက်စိအောက်မှာပဲ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ၊ ရဲအရာရှိကြီးတွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်သွားကြသည်။

ကျွန်တော့်မှာ ကိုယ်ကိုယ်တိုင် ဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်းမစား သန့်သန့်လေးပဲနေသည်။ စာသင်ရှက်နှ အခြေပြုတို့ကိုလည်း ဆေး၊ ကွမ်း၊ အရက် ဤသုံးချက်ကို တစ်စက်ကယ်မျှ မသုံးဆောင်ကြရေးကို သွန်သင်၏။ ဆုံးမ၏။ ကလေးများ လိမ္မာယဉ်ကျေးရှိမှုကို အလေးအနက်ထား ဆောင်ရွက်ခဲ့သည်။ ကျွန်တော့်မှာ ကျောင်းမှအပြီးအပိုင် ထွက်ခွာရတော့မှာမို့ ရုံးလုပ်ငန်းဆိုင်ရာတွေကို လက်စသတ်လုပ်ဆောင်နေတုန်း ဆရာမ ဒေါ်ငွေသန်း၊ ဒေါ်ဂျယ်နီနှင့် ဒေါ်သင်းသင်းကြူတို့ ရုံးခန်းထဲ ဝင်လာကြသည်။

"မင်္ဂလာပါ ဆရာကြီး"

"မင်္ဂလာပါ ဆရာမတို့"

"ဆရာမတို့ ဘာကိစ္စများပါလိမ့်"

"ဒီလိုပါ ဆရာကြီး"

"ပြောပါ"

"ဆရာကြီးအနေနဲ့ပေ့ါနော် ဒီကျောင်းမှာ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်လာခဲ့တာ ၁၀ နှစ်တိုင်တိုင်ရှိခဲ့ပြီနော်"

"ဟုတ်ပါတယ်၊ ၂၀၀၃ ကနေ ခု ၂၀၁၂ ဆိုတော့ ၁၀ နှစ် ပြည့်ပြီပေ့ါကွယ်"

"ဆရာကြီးရယ် ဆရာကြီးရဲ့ စီမံခန့်ခွဲမှုအောက်မှာ ကျွန်မတို့ကျောင်းကြီး အတိုင်းအတာတစ်ခုအထိ တိုးတက်ခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ဆရာကြီးပင်စင်ယူတဲ့အချိန်မှာ တိတ်တိတ်လေးထွက်သွားတဲ့အဖြစ်မျိုးတော့ မဖြစ်စေချင်ဘူး။ အဲဒါ ဆရာကြီးအတွက် နှုတ်ဆက်ပွဲလေး လုပ်ပေးချင်လို့ပါရှင့်"

"ဟာ မလုပ်ကြပါနဲ့ဗျာ မလုပ်ကြပါနဲ့၊ နှုတ်ဆက်ပွဲဆိုပြီး ပွဲကြီးသဘင်ဆင်ယင်ကျင်းပပြီး မလုပ်ကြပါနဲ့ဗျာ။ ဒီအတိုင်းပဲ ပြုံးပြုံးပြရယ်ပြနှုတ်ဆက်ကြနဲ့ လက်ပြထွက်ခွာပါရစေနော်"

ဆရာမဒေါ်သင်းသင်းကြူ၏အဆိုကို ကျွန်တော် အကြောက်အကန် ငြင်းဆန်ခဲ့လေပြီ။

"မဟုတ်သေးဘူးလေ ဆရာကြီး၊ ဆရာကြီးရဲ့ ကျေးဇူးတရားတွေက ကျောင်းကြီးအပေါ်မှာရော၊ ကျွန်မတို့အပေါ်မှာရော၊ ကလေးတွေအပေါ်မှာရော၊ မြို့နယ်အပေါ်မှာရော၊ ရပ်ကွက်အပေါ်မှာရော အများကြီးရှိနေပါတယ်။ ကျွန်မတို့ ဆရာကြီးကို နှုတ်ဆက်ပွဲလေးနဲ့ နှုတ်ဆက်ပါရစေ ဆရာကြီးရယ်"

ဆရာမဒေါ်ဂျယ်နီကပါ ဆရာကြီးနှုတ်ဆက်ပွဲဖြစ်မြောက်ရေးအတွက် အဆိုတင်သွင်းလိုက်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက်ရှိ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းသည် ကျွန်တော့်လက်ထက်မှာ အိပ်ပျော်နေသောကျားကြီးနိုးလာဘိသကဲ့သို့ ရှင်သန်လာခဲ့သည်ဟု ဆိုရပေမည်။ မူလတန်းကျောင်းကနေ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲ၊ ယခု အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းဖြစ်နေခဲ့ပေပြီ။ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်အများစုနဲ့ ဖွဲ့စည်းထားသော (၁၀၇) ရပ်ကွက်သားတို့ ပျော်လိုက်ကြသည်မှာ ပြောစရာမရှိပြီ။

● ● ● ● ● ● ●

ဆက်လက်ဖော်ပြပါမည်။

# လွိုင်လင်မြို့၌ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



လွိုင်လင် ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ GEC အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာလ ၁၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မြင့်က အဖွင့်အမှာစကားပြောကြားခြင်း၊ သဘာပတိ ဦးသန်းနိုင်က နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခြင်း၊ ဒါရိုက်တာအဖွဲ့၏ ၂၀၂၃-၂၀၂၄ လုပ်ငန်းအစီရင်ခံစာအား ဒါရိုက်တာအဖွဲ့ဝင် ဒေါ်တင်တင်လှက ဖတ်ကြားခြင်း၊ စာရင်းစစ်အဖွဲ့၏ ၂၀၂၃-၂၀၂၄ အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာအား စာရင်းစစ် ဦးသိန်းသန်းစိုးက ဖတ်ကြားခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အသင်းသား၊ အသင်းသူများက အကြံပြုချက်များ ဆွေးနွေးတင်ပြခြင်း၊ အသင်းသား၊ အသင်းသူများ၏ ဆွေးနွေးတင်ပြချက်အပေါ် ဒါရိုက်တာအဖွဲ့မှ ပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ချုပ်အစီရင်ခံစာ၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာပါ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုချက်ရယူ၍ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ရုပ်နားခဲ့သည်။

အဆိုပါ GEC အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် သဘာပတိနှင့်အဖွဲ့ဝင်များ၊ အမှုဆောင် ဒါရိုက်တာများ၊ အသင်းသား၊ အသင်းသူများ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တက်ရောက်





**နေပြည်တော် ဒီဇင်ဘာ ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၁) စုပေါင်းအစည်းအဝေးခန်းမ(မြေညီထပ်)၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားများကို လက်ခံကျင်းပခြင်းအားဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှုမြောက်နိုင်သည့်ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကိုသိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့်အကြောင်းအရာများကိုရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့်နည်းပညာဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသိပညာပေးသည့်အပေါ် ဝန်ထမ်းများအနေဖြင့် ဗဟုသုတရရှိကာ ရှောင်ရန်၊ ဆောင်ရန်အချက်များရရှိပြီး ထပ်ဆင့်မျှဝေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအောင်ခန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်တို့တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၅၀၀)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Cryptocurrency အကြောင်းသိကောင်းစရာ အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

**"Cryptocurrency အကြောင်းသိကောင်းစရာ"** အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ကျင်းပသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force– FATF)၏ Recommendation 15 နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းများကိုငွေကြေးထောက်ပံ့မှုများ၊ တရားမဝင် မှောင်ခိုရောင်းဝယ်မှုများ၊ အဂတိလိုက်စားမှုများပြုရာတွင် Cryptocurrency ကိုအသုံးပြုလာကြကြောင်း၊ အဂတိလိုက်စားမှုများမှရရှိလာသည့် ငွေကြေးများကိုအသွင်ပြောင်း၍ Cryptocurrency များတွင် ရင်းနှီးမြှုပ်နှံခြင်းများဖြင့် ငွေကြေးခဝါချမှုကျူးလွန်ခြင်းများ ဖြစ်ပွားလာနိုင်သဖြင့် ကော်မရှင်ရုံးနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများမှဝန်ထမ်းများအား Cryptocurrency နှင့်စပ်လျဉ်း၍ အသိပညာပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က Cryptocurrency နှင့်စပ်လျဉ်းသည့်သမိုင်းကြောင်း၊ One Pay Co.,ltd.မှ Project Director ဖြစ်သူ ဦးနေဝင်း က Cryptocurrency ၏အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက Cryptocurrency နှင့်စပ်လျဉ်း၍ Financial Action Task Force– FATF အကြံပြုချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ထက်ထက်အောင်က အဂတိလိုက်စားမှုနှင့် ဆက်နွယ်နေသည့် Cryptocurrency အကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါ်ကြေးမုံနှင့်ဒေါ်နှင်းထက်ထက်ဝင်းတို့က Virtual Cryptocurrency များနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကိုဆွေးနွေးပြီး တက်ရောက်လာကြသည့်ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ကော်မရှင်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(၅၀၀)

## မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယအထူးအောင်သုံးပါး၊ ပါဠိဂုဏ်ထူးအောင်ခြောက်ပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး၊ အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၄၄၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၅ ပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်အထူးအောင်ကိုးဦးတို့အားဘွဲ့တံဆိပ်တော်များနှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့အချိန်မီကြွရောက်ရန်သက်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန်းရွှေစက်တော်ရာဘုရား၏ ၂၀၂၅ ခုနှစ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မင်းဘူး ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား၏ ၂၀၂၅ ခုနှစ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို အစဉ်အလာမပျက်ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီမှ သိရသည်။

မန်းရွှေစက်တော်ရာဘုရားသည် မြန်မာနိုင်ငံရှိ သမိုင်းဝင်အထင်ကရဘုရားများစာရင်းတွင် (က) အဆင့်စာရင်းဝင်ဘုရားဖြစ်သည်နှင့်အညီ ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ကျင်းပလေ့ရှိသည်။ ထို့အတူ မန်းရွှေစက်တော်ရာဘုရား၏ ၂၀၂၅ ခုနှစ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကိုလည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိကျင်းပရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက မန်းရွှေစက်တော်ရာဘုရားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဘုရားပွဲတော်ရက်မတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ မန်းရွှေစက်တော်ရာဘုရား ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လျှောက်ထားကာ ဩဝါဒခံယူခြင်းများကို နိုဝင်ဘာလကုန်ပိုင်းက ဆောင်ရွက်ခဲ့သည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူပြည်သူများသာမက နိုင်ငံခြားခရီးသွားဧည့်သည်များပါ စိတ်ပါဝင်စားစွာလာရောက်လည်ပတ်ကြကြောင်း သိရသည်။

ထို့ပြင် မန်းရွှေစက်တော်ရာဘုရားပွဲတော်သို့ လာရောက်ကြသူများသည် စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မန်းချောင်းဆင်စခန်း စသည့်နေရာများသို့ သွားရောက် လည်ပတ်နိုင်သည့်အပြင် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်သို့ သွားရောက်ကာ ကြယ်လိပ်များ၊ ရွှေသမင်များနှင့် ၄က်မျိုးစိတ်များကိုလည်း ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။**ဆောင်းဦး**

# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် ဒီဇင်ဘာ ၁၉



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) တို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၈ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။


ရှေးဦးစွာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ပါမောက္ခချုပ်ဒေါက်တာခင်မောင်ချင်းက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံထူးချွန်သူများဖြစ်စေရေး ကြိုးစားသင်ယူကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ မခင်ခန့်ခန့်ချော(MS-Bio-T)က Biotechnology၊ မထက်အဥ္ဇလီ(VI-IT-2) က AI for the curious၊ မစောသီရိအောင်(II-BE-NT-1) က Introduction to nuclear technology၊ မအေးချမ်းဝေ(IV -Mech-6) က စွမ်းအင်ထိန်းသိမ်းမှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲနိုင်မှုအလားအလာခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်းနှင့် ပါမောက္ခချုပ်ဒေါက်တာခင်မောင်ချင်းနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး၊ မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာသိကောင်းစရာ နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရသည်၊ **စုစုအေး(ကျောက်ဆည်)**

## မိုးလေဝသ သတင်း




# ဘုတ်ပြင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အကြမ်းဖက်မှုလျော့နည်းပပျောက်ရေး အသိပညာပေးဆွေးနွေး

ဘုတ်ပြင်း ဒီဇင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အကြမ်းဖက်မှု လျော့နည်းပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၉ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက အကြမ်းဖက်မှု လျော့နည်းပပျောက်ရေးနှင့်ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် Online မှတစ်ဆင့် အသိပညာပေးဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်အေးစန္ဒာနှင့် လူမှုဝန်ထမ်း-၄ ဒေါ်နွယ်နီဦးတို့က အကြမ်းဖက်မှုဆိုင်ရာအကောင်အထည်ဖော်မည့်လုပ်ငန်းနယ်ပယ်များ၊ ပဋိပက္ခအတွင်းဖြစ်ပေါ်တတ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ရပ်များနှင့် အခြေခံမှုများ၊ အကြမ်းဖက်ခံရသည့်အမျိုးသမီးများအား ဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးရန်လျာထား

ပုသိမ် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောပြချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ ၁၃၉၁၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်မျိုးစုံ ၁၃၉၁၁ ဧကကို ပုသိမ်မြို့နယ်၌ ၁၂၂၅ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၂၃၀၉ ဧက၊ သာပေါင်းမြို့နယ်၌ ၄၄၅၂ ဧက၊ ငပုတောမြို့နယ်၌ ၅၉၂၅ ဧကအထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်အနေနဲ့ ဟင်းသီးဟင်းရွက် ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့ သီးနှံတွေစိုက်ပျိုးနိုင်စေဖို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်းတွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ဆောင်ရွက်ပေးထားပါတယ်''ဟု ဒေါ်အေးအေးမူကပြောသည်။

အဆိုပါဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည်တို့ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ ရေးအဖွဲ့က သံဃာတော် ၃၆ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြော ရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း များဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန် ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော် ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်း စစ်ဌာနချုပ်မှတာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၁၉-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၃.၄ | ၃၈.၁ |
| ပူတာအိုမြို့ | ၄.၅ | ၄၀.၁ |
| တီးတိန်မြို့ | ၅.၆ | ၄၂.၁ |
| မြစ်ကြီးနားမြို့ | ၅.၉ | ၄၂.၆ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၇.၃ | ၄၅.၁ |
| ပြင်ဦးလွင်မြို့ | ၈.၂ | ၄၆.၈ |
| မချမ်းဘောမြို့ | ၉.၀ | ၄၈.၂ |
| ပင်လောင်းမြို့ | ၁၀.၆ | ၅၁.၁ |

# ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်ရန် ဘားအံမြို့၊ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိ နေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့ သားကောင်းရတနာများအား ယနေ့မွန်းလွဲ ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစော မြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းအောင် နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက် ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ပြည်သူ့ စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၈/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်စဉ်။

အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၈/ ၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သား ကောင်းရတနာများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည် များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့၊ နယ်မြေခံသင်တန်းကျောင်း သို့ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်း မှနိုင်ငံ့သားကောင်းရတနာများအား ယနေ့ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှတာဝန်ရှိသူများနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက သွားရောက် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ကအမှာ စကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့တက်ရောက် မည့်နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံ နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။ (၁၀၀)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၁၀ | ၃၂၂၅ | ၃၁၉၀ | ၃၀၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၅ | ၃၁၈၀ | ၄၅၀၅ | ၃၄၇၅ | ၃၂၀၀ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၀၅ | ၃၉၅၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၈၅ | ၄၅၆၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၀၅ | ၂၇၈၀ | ၂၈၀၀ | ၃၀၆၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | ၄၈၃၀ | ၃၆၁၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |
| HSD (10 ppm) | ၃၂၉၀ | ၃၄၀၅ | ၃၃၇၀ | ၃၃၀၅ | ၃၄၁၀ | ၃၄၂၅ | ၃၄၄၀ | ၃၃၆၀ | - | ၃၆၁၅ | ၃၃၇၅ | ၃၃၈၀ | ၃၄၅၀ | ၃၄၁၅ | ၃၄၃၅ | ၃၆၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၃၈ | ၃၀၃၁ |
| 95 Ron | ၃၀၄၆ | ၃၁၄၀ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၁၁ | ၃၂၀၃ |
| HSD (10 ppm) | ၃၁၁၁ | ၃၂၀၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါ သည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲ ရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပီလောပီနံမှရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ

လူသားတို့အာဟာရအတွက် အဓိက စားသုံးသီးနှံလေးမျိုးဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်းနှင့် ပီလောပီနံတို့တွင် ပီလောပီနံမှာ အရေးပါသောသီးနှံတစ်မျိုးဖြစ်သည်။ စိုက်ပျိုးရလွယ်ကူ၍ ဝင်ငွေရသီးနှံတစ်မျိုးဖြစ်ပြီး ပီလောပီနံစိုက်ပျိုးပြီးသည်နှင့် တစ်ပြိုင်နက် သက်တမ်းတိုဟင်းသီးဟင်းရွက်၊ ပြောင်း၊ နေကြာတို့ကို သီးညှပ်စိုက်ပျိုးနိုင်၍ ဝင်ငွေနှစ်ခုရရှိနိုင်သည်။ ပီလောပီနံကို တချို့ဒေသများတွင် ကလောပင်ဟုခေါ်သည်။ နှစ်ရှည်ခံချုံပုတ်ပင်အမျိုးအစားဖြစ်ပြီး ပင်စည်မှာ မာကျော၍ အူတိုင်အခေါင်းပွသည့် ကြက်ဆူ၊ ကနခို၊ ဆီးဖြူ၊ သျှိသျှား၊ ကြက်သဟင်းစသည်တို့နှင့် မျိုးရင်းဆင်တူသည့် Euphorbiaceae မျိုးရင်းဝင်အပင်ဖြစ်သည်။

ပီလောပီနံကို Tapioca သို့မဟုတ် Cassava ဟုခေါ်ပြီး ရုက္ခဗေဒအမည်အရ Manihot Utilissima (Phot) ဟုလည်းကောင်း၊ Manihot Esculenta (Crantz) ဟုလည်းကောင်း၊ Yucca နှင့် Manico ဟုလည်းကောင်း အမျိုးမျိုးခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Manihot Esculenta ဖြစ်သည်။ ပီလောပီနံသည် Euphorbiaceae မျိုးရင်းဖြစ်ပြီး ယခင်က ပီလောပီနံတွင် ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်အက်စစ်ပါဝင်သောကြောင့် အဆိပ်ရှိသောသီးနှံအဖြစ်သတ်မှတ်ခဲ့ကြသော်လည်း ကန်စွန်းဥနှင့် အာလူးတို့ကဲ့သို့ အညိုရောင်ရင့်ရင့်အခွံရှိပြီး အတွင်းသားအဖြူရောင်၊ ခပ်စေးစေးနှင့် အရသာဆိမ့်ဆိမ့်ရှိသည့်ပီလောပီနံကို နောက်ပိုင်းတွင် စားစရာတစ်ခုအဖြစ်သတ်မှတ်ပြီး စားသုံးလာကြခြင်းဖြစ်သည်။

**ပီလောပီနံအမျိုးအစားနှင့် အဆိပ်သင့်နိုင်မှု**

ပီလောပီနံတွင် အချိုနှင့်အခါးဟူ၍ နှစ်မျိုးရှိပြီး အခါးမျိုးက အချိုမျိုးထက် ဂလူကိုဆိုက်အဆိပ်ပါဝင်မှု နှစ်ဆပိုများသည်။ ထို့ကြောင့် ပီလောပီနံဥအစိမ်းကိုမပြုတ်မီ ခါးသက်မှုအပြင်း၊ အပျော့ပေါ်မူတည်ကာ အပူပေးကြာမြင့်ချိန်ကို ချိန်ဆ၍ပြုတ်သင့်သည်။ ထို့ပြင် ပီလောပီနံအမှုန့်ကို အစားအစာ၊ ဟင်းလျာများတွင် မချက်ပြုတ်မီ ဦးစွာမီးဖိုပေါ်အိုးကင်းထည့်လှော်ပေးခြင်းဖြင့်လည်း ပါဝင်သောအဆိပ်ကို ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည်။ မိုးခေါင်ပြီး ခြောက်သွေ့သောဒေသထွက် ပီလောပီနံဥတွင် အဆိပ်ဖြစ်လာနိုင်သော ဓာတ်ပေါင်းပါဝင်မှုပိုများသည်။

**ပီလောပီနံအသုံးပြုပုံများ**

ပီလောပီနံအရွက်နှင့်ဥတို့ကို လူတို့တိုက်ရိုက်စားသုံးနိုင်ပြီး အရွက်၊ ပင်စည်နှင့်ဥတို့အား တိရစ္ဆာန်အစာအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည်။ ပီလောပီနံဥမှ တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သော ကော်ရည်၊ ကော်မှုန့်၊ အချိုမှုန့်၊ ခေါက်ဆွဲ၊ ကြာဆံ၊ မုန့်အမျိုးမျိုး၊ အရက်နှင့် နို့မှုန့်အစားထိုးပစ္စည်းများကိုလည်းကောင်း၊ အဖျော်ယမကာနှင့် အချိုရည်မျိုးစုံကိုလည်းကောင်း၊ အိမ်သုံးဆေးဝါးများအဖြစ် သွေးတိုး၊ ဆီးချို၊ ကင်ဆာနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ဆေးများအဖြစ်လည်းကောင်း၊ လူသုံးကုန်ပစ္စည်းများအဖြစ် စက္ကူ၊ ချည်မျှင်၊ ကတ်ထူစက္ကူပုံး၊ မီးသွေး၊ ကော်၊ လေသေနတ်ကျည်ဆန်နှင့် အလှကုန်ပစ္စည်းများအဖြစ်လည်းကောင်း၊ နွား၊ ဝက်၊ ဆိတ်၊ သိုး၊ ငါး စသည့်တိရစ္ဆာန်များအတွက် အစာအဖြစ်လည်းကောင်း၊ ဇီဝလောင်စာအဖြစ်လည်းကောင်း စသည်ဖြင့်ပီလောပီနံပင်သည် လူတို့၏နေ့စဉ်ဘဝတွင် များစွာပါဝင်လျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူဖြစ်စေသော ဇီဝပလတ်စတစ်များကိုလည်း တွင်ကျယ်စွာထုတ်လုပ်အသုံးပြုလျက်ရှိသည်။

**ပီလောပီနံတွင်ပါဝင်သော အာဟာရဓာတ်များ**

ပီလောပီနံဥအစိမ်း ၁၀၀ ဂရမ်တွင် ရေဓာတ် ၆၀ ဂရမ်၊ ကစီဓာတ် ၃၈ ဂရမ်၊ အသားဓာတ် ၁ ဂရမ်ပါရှိပြီး အမျှင်ဓာတ်၊ ဗီတာမင် C နှင့် အဆီဓာတ်အနည်းငယ်သာ ပါဝင်သည်။ ပီလောပီနံသည် ပေါင်းစား၍ကောင်းသကဲ့သို့ ပြုတ်စားလျှင်လည်း အရသာရှိသည်။ ပီလောပီနံပြန်ပေါင်းမှာ ဆိမ့်ဆိမ့်စေးစေးအရသာရှိပြီး စား၍အလွန်ကောင်းသည်။ ဤကဲ့သို့ စားကောင်းသည့်ပီလောပီနံက မည်သို့သောကျန်းမာရေးအာနိသင်များပေးနိုင်သည်ကို ဖော်ပြလိုပါသည်။ ပီလောပီနံတွင် ပြည့်ဝဆီပါဝင်မှုနည်းသကဲ့သို့ ကိုလက်စထရောနှင့် ဆိုဒီယမ်ပါဝင်မှုနည်းသော်လည်း အမျှင်ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်ကြွယ်ဝစွာပါဝင်ပြီး အကျိုးပြုကိုလက်စထရောနှင့် ပရိုတင်းတို့လည်း ပါဝင်သည်။ တခြားအာဟာရဓာတ်များအနေဖြင့် ဗီတာမင် B အုပ်စု၊ ဖောလိတ်၊ ဗီတာမင် B6၊ သံဓာတ်၊ မဂ္ဂနိစ်၊ ကယ်လ်စီယမ်၊ ကြေးနီနှင့် ဆီလီနီယမ်တို့ ပါဝင်သည်။

**ပီလောပီနံမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ**

ပီလောပီနံစားပေးခြင်းဖြင့် ရရှိနိုင်မည့် ကျန်းမာရေးအကျိုးကျေးဇူးများကို အကြမ်းဖျင်းအားဖြင့် ပီလောပီနံဥကို ပြုတ်၍စားသုံးခြင်းက အစာခြေအင်ဇိုင်းများ ကောင်းမွန်စေရန် အထောက်အကူပြုခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကျစေခြင်း၊ သွေးတွင်းအချိုဓာတ်နှင့် ကိုလက်စထရောလျှော့ချပေးခြင်း၊ ကင်ဆာအဖုအကျိတ်ကာကွယ်ခြင်း၊ အိုမင်းရင့်ရော်မှုနှင့် ဆံပင်ကျွတ်ခြင်းကိုကာကွယ်ခြင်း၊ သွေးခုန်နှုန်းထိန်းညှိပေးခြင်း၊ ခုခံအားတိုးမြင့်စေခြင်း၊ အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် ဝမ်းမချုပ်စေခြင်း၊ ဦးနှောက်နှင့်အာရုံကြောပုံမှန်အလုပ်လုပ်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

ပီလောပီနံတွင် နေ့စဉ်လိုအပ်သည့် ကာဗိုဟိုက်ဒရိတ်ပမာဏ ၄၅ ရာခိုင်နှုန်းအထိပါဝင်သောကြောင့် ပီလောပီနံစားပေးခြင်းဖြင့် လူတစ်ယောက်သည် ကျန်းမာသည့်ကိုယ်အလေးချိန်ကို ရရှိစေနိုင်ပြီး ကိုယ်အလေးချိန်ကို တိုးစေနိုင်သည်။ လေ့လာမှုများအရ ပီလောပီနံတွင် ဖောလစ်အက်စစ်အပါအဝင် ဗီတာမင် B အုပ်စုပါဝင်ခြင်းကြောင့် ကိုယ်ဝန်ဆောင်ချိန် စားသုံးပေးမည်ဆိုလျှင် မွေးလာမည့်ကလေးတွင် မွေးရာပါချို့ယွင်းမှုမပါစေရန် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ပီလောပီနံတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် အစာခြေစနစ်ကောင်းမွန်စေပြီး ဝမ်းမှန်စေပြီး အစာကြေစေနိုင်ကာ လေပွခြင်း၊ အစာအိမ်နာခြင်းများမှ ကာကွယ်ပေးနိုင်သည်။



**နှလုံးနှင့်လေဖြတ်ခြင်းကို ကာကွယ်ပေးသောပီလောပီနံ**

နောက်ထပ် အားသာချက်တစ်ခုအနေဖြင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် သွေးကြောနံရံများရှိအဆီများကို ဖယ်ရှားပေးပြီး သွေးလည်ပတ်စီးဆင်းမှုကောင်းစေကာ နှလုံးကျန်းမာစေသည်။ ရုတ်တရက် နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ပီလောပီနံတွင် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်ဖြစ်သည့် ကျန်းမာရေးနှင့်ညီညွတ်သော ပရိုတင်းဓာတ်ပါဝင်နေသဖြင့် ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများ ကောင်းမွန်စေရန် အထောက်အကူပေးသကဲ့သို့ ကြွက်သားများကို ဖွံ့ဖြိုးကြီးထွားစေသည်။ အနာကျက်စေရန်လည်း အထောက်အကူဖြစ်စေသည်။

**အရိုးများနှင့်စိတ်ကို ကျန်းမာစေသော ပီလောပီနံ**

လူတစ်ယောက်သည် အသက်အရွယ်ရလာသည်နှင့်အမျှ အရိုးထဲတွင်ရှိရမည့် သတ္တုဓာတ်ပမာဏ ကျဆင်းလာသောကြောင့် အရိုးပါးခြင်း၊ အရိုးပွခြင်းများခံစားရနိုင်သည်။ ပီလောပီနံတွင် အရိုးများသန်မာစေရန် လိုအပ်သည့်ဗီတာမင် K၊ ကယ်လ်စီယမ်၊ သံဓာတ်တို့ကြွယ်ဝစွာပါဝင်နေသောကြောင့် အသက်အရွယ်ရလာသူများအနေဖြင့် ပီလောပီနံစားပေးခြင်းဖြင့် အရိုးများသန်စွမ်းကျန်းမာစေသည်။ ပီလောပီနံတွင်ပါဝင်သော ပိုတက်ဆီယမ်နှင့် တခြားသတ္တုဓာတ်များက သွေးကြောများ၏တင်းအားကို လျော့ကျစေပြီး သွေးလည်ပတ်စီးဆင်းမှုကောင်းစေနိုင်သောကြောင့် သွေးပေါင်ချိန်ကို အကောင်းဆုံးထိန်းညှိပေးနိုင်သည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများထံ သွေးစီးဆင်းမှုကောင်းစေသောကြောင့် နှလုံးသွေးကြောစနစ်ကို ကျန်းမာစေနိုင်သည်။ ထို့ပြင် ဗီတာမင် K သည် ဓာတ်တိုးပစ္စည်းများကြောင့် ဦးနှောက်ဆဲလ်များ မပျက်စီးစေရန်ကူညီပေးပြီး ဦးနှောက်ဆဲလ်များကို ကျန်းမာစေသဖြင့် အယ်လ်ဇိုင်းမားရောဂါမဖြစ်စေရန် အထောက်အကူပေးသောကြောင့် ပီလောပီနံသည် အရိုးကျန်းမာစေရုံမက စိတ်ကိုပါကျန်းမာစေပါကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ကြက်သွန်နီပိဿာတစ်သိန်းခွဲခန့် ဝင်ရောက်



ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ကြက်သွန်နီပိဿာ တစ်သိန်းခွဲခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နယ်စုံမှ မိုးကြက်သွန်နီအသစ်များ ဝင်ရောက်နေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ကြက်သွန်နီအဝင်များနေကြောင်း သိရသည်။

"ဒီရက်ပိုင်း ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီပိဿာ တစ်သိန်းခွဲလောက် နေ့စဉ်အဝင်ရှိနေပါတယ်။ လဆန်းပိုင်းကထက် ပိုမိုဝင်ရောက်နေပါတယ်။ လဆန်းပိုင်းတုန်းက ပိဿာကိုးသောင်းလောက်ပဲ ဝင်တယ်။ လက်ရှိဝင်နေတာက မိုးကြက်သွန်နီတွေပါ" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကြက်သွန်ကုန်သည် ဦးဖြိုးအောင်က ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သား၊ မြင်းခြံ၊ ပခုက္ကူ စသည့်မြို့နယ်များမှ ကြက်သွန်နီများဝင်ရောက်ပြီး နယ်စုံသို့ ပြန်လည်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

နွေကြက်သွန်နီများသည် အရည်အသွေးကောင်းမွန်ပြီး တာရှည်ခံသောကြောင့် ကြက်သွန်ကုန်သည်နှင့် ဝယ်လက်များက ကြိုက်နှစ်သက်ကြပြီး သိုလှောင်ရောင်းချကြသည်။ မိုးကြက်သွန်နီများမှာမူ အစိုဓာတ်များသောကြောင့် သိုလှောင်သူများ ကြိုက်နှစ်သက်မှုနည်းကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကြက်သွန်နီကို နေရာအနှံ့အပြား၌ စိုက်ပျိုးလေ့ရှိကြကာ မြစ်သား၊ မြင်းခြံ၊ ပခုက္ကူ စသည့်ဒေသများမှထွက်ရှိသည့် ကြက်သွန်နီများကို လူကြိုက်များကြောင်း သိရသည်။ ဝါဝါ

# နတ်မောက်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



**နတ်မောက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်စိန်၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဆယ်တင်တို့က အမှာစကားပြောကြားပြီး နတ်မောက်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌဦးလေးမြင့်တို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းဘဏ္ဍာရေး ရှင်းတမ်းအားဖတ်ကြားခြင်းနှင့် အသင်းအမှုဆောင်အဖွဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား အသင်းဥက္ကဋ္ဌက အသင်းသားများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

နတ်မောက်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးသို့ အသင်းဝင်ကိုယ်စားလှယ် ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**လှဝင်း**

# ကျောက်ဆည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

**ကျောက်ဆည် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားပြီး စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၁ ဒသမ ၂ သိန်းအား ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ်အဖြစ် ပနန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး စုစုပေါင်း အသင်းသား ၁၇၃ ဦးတို့အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၁ ဒသမ ၂ သိန်းအား ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နေ့ချင်းပြီးထုတ်ချေးပေးကြောင်း သိရသည်။

**နီလာ**

# မုဒုံမြို့နယ်တွင် ဆောင်းနေကြာ ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီး



**မုဒုံ ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဒေသအတွင်း စားသုံးဆီဖူလုံမှုရရှိစေရန် ဆောင်းနေကြာ စိုက်ပျိုးမှုအနေဖြင့် သုံးနှစ်စီမံကိန်းဖော်ဆောင်ထားရှိပြီး ယခုချိန်တွင် ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့်ဆောင်းသီးနှံနေကြာ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးခြင်း၊ ဒေသနှင့်ကိုက်ညီသည့် စပ်မျိုးနေကြာ မျိုးကောင်းမျိုးသန့်များကို ပေးအပ်ခြင်း၊ ဆောင်းနေကြာ စိုက်ပျိုးခြင်းအားဖြင့် မိုးစပါး စိုက်ပျိုးရာသီချိန်တွင် ဆစ်ပိုးစသည့်ပိုးမွှားအန္တရာယ်များကို ကာကွယ်နိမ်နင်းတားဆီးထားပြီးဖြစ်ကြောင်း၊ လယ်မြေများတွင် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နေကြာသီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းအားဖြင့် သန့်ရှင်းလတ်ဆတ်သည့် စားသုံးဆီများကို စားသုံးရမည်ဖြစ်သည်။

မုဒုံမြို့နယ်တွင် ဆောင်းသီးနှံနေကြာများကို ဒီဇင်ဘာလမှစတင်၍ စိုက်ပျိုးလျက်ရှိပြီး စီမံကိန်းပထမနှစ်တွင် ဧက ၅၀၀ လျာထားကာ ပြည့်မီအောင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၂-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၆:၀၃ တရားတော်
၃။ ၇:၂၅ မေ့မှူးဇာတေး
၄။ ၇:၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၂၅ နှစ်(၇၀)ကျော်ကြားတေးများ
၆။ ၉:၃၅ Soft Skill
၇။ ၁၀:၅၀ ကျန်းမာသုတ
၈။ ၁၁:၂၀ အတွေးအမြင်
၉။ ၁၁:၄၀ Sport Review
၁၀။ ၁၂:၁၀ အမှတ်တရနေ့ရက်များ
၁၁။ ၁၆:၀၆ တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း
၁၂။ ၁၆:၁၀ ဓာတ်လမ်းတို
၁၃။ ၁၆:၄၅ သီချင်းလက်ဆောင်
၁၄။ ၁၉:၀၀ မွေးမြူသုတ
၁၅။ ၁၉:၃၀ (၃၈) ဖြာမင်္ဂလာ တဝေါစ

## ဆောင်းလတို့ အိမ်အပြန်

* အိမ်ပြတင်းအဖွင့်မှာပေါ့
နှင်းဝတ်လွှာ သဇင်ပွင့်တွေက
ပင်မြင့်မှာ ဟန်တပြင်ပြင်။
အပူမဟပ်စေဖို့
အအေးဓာတ်လေး ပေးဝေမျှ
ဖေးမကူချင်။
သောကဆိုတာမီးလိုပင်
မခင်လည်းဝင်လာစမြဲ။
အထီးကျန်ဆောင်းညတို့မှာ
လွမ်းရတာပဲ။

* တုတ် ခေး လုံ လေးမြား
လှုပ်ရှားလေ့ကျင့် ရှေးစစ်သည်။
ပြည်သူ့ရန် တွန်းလှန်မရွံ့
နောက်မတွန့်ပြီ။
ဆောင်းသမယ စံနှုန်းညီ
ခေတ်မီတဲ့အသိ။
သက်စွန့်ကာ ရန်စွယ်တုံးအောင်လို့
ချေမှုန်းသူ သားကောင်းအနှစ်ကို
ချစ်ကြပါ၏။

* လျှူကထိန်ရွှေသင်္ကန်း
မဂ်လမ်းကိုတဲ့ ကျိုးရည်မျှော်။
သက်ကြီးရွယ်အို အဘိုး အဘွား
လေးစားပူဇော်။
အာစရိယ မြတ်ဆရာနော်
ဆွဲခေါ်ခဲ့ ဘဝကောင်း။
ဆောင်းသဘင်ဟောပြောခလေ့
မမေ့ပါကြောင်း။

* သုံးရာသီ ဝန်းရံခ
ကျွန့်မွေးလ ထိုဆောင်းခါ
အမှတ်တရပါ။
ပြည်ရွာလုံးအေးချမ်းသာ
ဘေးဘယာ ဝေးကွာပါစေသား။
နှုတ်ဆက် အိမ်အပြန်
ဆောင်းလက်တံ ဝေဖြာချကာဖြင့်
ဝန်းကျင်ယံ အသွယ်သွယ်လှစေဖို့
ခြယ်သလို့သွား။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**

# ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၃ သန်းဖိုး တင်ပို့ထား

ရန်ကုန် ဒီဇင်ဘာ ၁၉

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ ရှစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၃ သန်းဖိုး တင်ပို့ထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

အဆိုပါ ရှစ်လတာကာလအတွင်း ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၈၆၀ ဒသမ ၆၈ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၄၇ ဒသမ ၈ တန် စုစုပေါင်း ၉၀၈ ဒသမ ၄၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆၃ သန်းရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၆၅၈ ဒသမ ၆၆ တန်ဖြင့် အများဆုံးတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၈၇၈၇၀၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၅၀၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀၁ ဒသမ ၅၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၂၂၆၅ ဒေါ်လာ၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၄၅ ဒသမ ၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၈၆၉၆ ဒေါ်လာ၊ တရုတ်(တိုင်ပေ)သို့ ပျားရည်မက်ထရစ်တန် ၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၃ ဒေါ်လာရရှိခဲ့ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ပျားရည်တင်ပို့ရာတွင် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ တင်ပို့ပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ကာ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိကြောင်း၊ ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကာ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများကြောင်း သိရသည်။

**စောယု**



# မှော်ဘီမြို့နယ် ပက်တန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာစက်ချုပ်သင်တန်း ဆင်းပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာစက်ချုပ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာလ ၁၈ ရက်က ပက်တန်းကျေးရွာအုပ်စု ပက်တန်းကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ မှော်ဘီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က သင်တန်းတွင် ထူးချွန်သူများနှင့်သင်တန်းပြီးဆုံးအောင်တက်ရောက်ခဲ့သည့် သင်တန်းသူများကို အလုပ်အကိုင်များရရှိအောင်ချိတ်ဆက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသူများကိုလည်း အရင်းအနှီးထုတ်ချေးပေးမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများထံသို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါသင်တန်းကို မှော်ဘီမြို့နယ်အတွင်းရှိ ပက်တန်းကျေးရွာ၊ စံပြကျေးရွာနှင့် တလိုင်းကုန်းကျေးရွာများမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းတွင် အခြေခံမော်တာစက်ချုပ်နည်းသင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမများက လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့လက်တွေ့တစ်လကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ ကျွဲနွားတိရစ္ဆာန်များကို ကာကွယ်ဆေးအခမဲ့ ကွင်းဆင်းထိုးနှံပေး

စဉ့်ကိုင် ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် Smart Village စီမံကိန်းနှင့် Rural Business Fund စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထန်းသုံးပင်ကျေးရွာ၌ ဒီဇင်ဘာလ ၁၈ ရက်က ကျွဲ၊ နွား တိရစ္ဆာန်များကို ကာကွယ်ဆေးများ အခမဲ့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ထန်းသုံးပင်ကျေးရွာသို့သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအသင်းဝင်များလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ထန်းသုံးပင်ကျေးရွာ၌ Rural Business Fund စီမံကိန်းဖြင့် မွေးမြူထားသော ကျွဲ၊ နွားတိရစ္ဆာန်များအပါအဝင် ဆိတ် ၁၄၅ ကောင်ကို အားတိုးဆေးနှင့် ဝဲကာကွယ်ဆေးများကိုလည်းကောင်း၊ နွား ၄၆ ကောင်ကို ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးများကိုလည်းကောင်း အခမဲ့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စားသုံးသူကာကွယ်ရေး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၁၈ ရက်က စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းပညာဂုဏ်ရောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးကိုယ်စား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေများအကြောင်းကိုလည်းကောင်း၊ ဒေါ်နှင်းအိဝင်းက အစားအသောက်များတွင်ပါဝင်သည့် ဆိုးဆေးများအန္တရာယ်နှင့် ဖြစ်ပွားနိုင်သည့်ရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နွယ်က ကလေးအလုပ်သမားပပျောက်ရေးအကြောင်းအရာများနှင့် ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဝင်းနှင့် Grade-10 မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# တက္ကသိုလ်ပါမောက္ခချုပ်များနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၉

တက္ကသိုလ်ပါမောက္ခချုပ်များနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး) များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာတက္ကသိုလ်များမှပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ခဲ့သည်မှာ တစ်လပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်အောင် သင်ကြားပေးကြရန်၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ရိုးကုန်အပြည့်အစုံသင်ကြားပေးရန်နှင့် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပေးနိုင်ရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် မိမိဘာသာရပ်ကို အမြဲမပြတ်လေ့လာနေကြရန် မှာကြားလိုကြောင်း၊ ဌာနမှကျွမ်းကျင်သူဝါရင့်ဆရာကြီး၊ ဆရာမကြီးများကလည်း မွမ်းမံလေ့ကျင့်ပေးကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ Module အလိုက် မွမ်းမံသင်တန်းများဖွင့်လှစ်ပေး၍ ဆရာ၊ ဆရာမများ သင်ကြားမှုအရည်အသွေးကောင်းအောင်



ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အင်္ဂလိပ်စာကို Minor ဘာသာရပ်အဖြစ် တတိယနှစ်အထိ သင်ကြားကြရမည်ဖြစ်ကြောင်း၊ ကျောင်းတက်သည့် ကျောင်းသားစာရင်းများကို နေ့စဉ်စနစ်တကျကောက်ယူကာ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီအောင် စည်းရုံးကြိုးကြပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်များ၊ မိမိတို့ဦးစီးဌာနများ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးစာများ၊ ညွှန်ကြားချက်များကို ဆိုရှယ်မီဒီယာအွန်လိုင်းပေါ်တင်ခြင်းများ၊ ပေးပို့ခြင်းများကို နိုင်ငံ့ဝန်ထမ်းများ မပြုလုပ်ကြစေရေးအတွက် ပညာပေးကြီးကြပ်ရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က ကျောင်းတက်နှုန်းမြင့်မားရေးနှင့် ဆရာ၊ ဆရာမမွမ်းမံသင်တန်းများ ပို့ချမည့်အစီအစဉ်ကိုရှင်းလင်းပြီး အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းသည် နိုင်ငံ့ဝန်ထမ်းတိုင်းလိုက်နာရမည့်တာဝန်ဖြစ်ရုံသာမက မိမိ၏ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်းဖြစ်သဖြင့် အသိကိုသတိဖြင့်ထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာ၌ကျင်းပသည့် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တောင်သူများကို နွား၊ ဝက်နှင့် ဆိတ်များ လွှဲပြောင်းသည့် မှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု အတွင်းရှိ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် လယ်ယာမြေများတွင် ဆောင်းသီးနှံပြန်လည်စိုက်ပျိုးထားရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စုတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဆင်သေချောင်းမှ ဆိုလာရေတင်စနစ်ဖြင့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော်အတွင်း စီမံကိန်းရည်မှန်းချက်များပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက စီမံကိန်းရည်မှန်းချက်များပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# စမုံရေထိန်းတမံပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက သာစည်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စမုံရေထိန်းတမံကိုယ်ထည်ကို စနစ်တကျဖို့ကြိတ်၍ တမံပေါင်ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန်ဆောင်ရွက်နေမှု၊ အရေးပေါ်အခြေအနေတွင်ရေကျော်စီးထွက်စေမည့် အကူရေပိုလွှဲ (Fusel Plug Spillway) အလျားပေ ၅၀၀ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေ၊ ရေပိုလွှဲနှင့် သဲထုတ်ရေတံခါးကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စမုံရေထိန်းတမံ၏မူလရေပိုလွှဲ (Service Spillway) ပြုပြင်ခြင်းလုပ်ငန်းများ၊ အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အကူရေပိုလွှဲ (Fuse Plug Spillway)တည်ဆောက်နေသည့် အပိုင်းတွင် စိန်လွှန်ကျင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပေတိုင်-ပေ ၃၇၀၀ မှ ပေတိုင်-ပေ ၄၂၀၀ အတွင်း တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တံတားဦးမြို့နယ် စကားအင်းကျေးရွာရှိ ကွင်းအမှတ် (၁၃၃၂) တောင်သူဦးဝင်းဇော်၏ နေကြာလေးဧကစိုက်ကွင်းအတွင်း နေကြာပန်းပွင့်ချိန် ဝတ်မှုန်ကူးပျားပုံးများချထားခြင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းကို အထောက်အကူဖြစ်စေမည့် ဝတ်မှုန်ကူးပျားပုံးများထားရှိခြင်းကြောင့် သီးနှံအထွက်များ တိုးနိုင်ကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုရန် အကြံပြုထားသည့်ပိုးသတ်ဆေးများကိုသာ ချိန်ဆသုံးစွဲကြရန် ဆွေးနွေးပြောကြားသည်။


(၅၀၀)

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်


နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ ဦးတည်ပြီး ၃၆ နာရီအတွင်း အင်ဒရာပရာဒေ့ရှ်ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)



# ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပသည့် အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၁၉

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်တင်ဂီရမ်ဖုန်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါအလွတ်သဘောညှိနှိုင်းဆွေးနွေးပွဲအတွင်း တက်ရောက်လာကြသော နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်ကိုယ်စားလှယ်များသည် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများတိုက်ဖျက်နှိမ်နင်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဆွေးနွေးပွဲအတွင်း နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ရှင်းလင်းပြောကြားသည်။

အိမ်ရှင်ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်တင်ဂီရမ်ဖုန်က ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို ဘန်ကောက်မြို့ရှိ Capella ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒီဇင်ဘာလ ၁၈ ရက် မွန်းလွဲပိုင်းတွင် **တရုတ်ပြည်သူ့သမ္မတနိုင်ငံ** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာစွန်းဝေတုန်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် **ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ** ကြားဖြတ်အစိုးရအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် မစ္စတာမိုဟာမက်တိုဟိဒ်ဟူစိန်နှင့်လည်းကောင်း၊ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် **လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ** နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန်ဖုန်ဗီဟေးနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် **အိန္ဒိယသမ္မတနိုင်ငံ** ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရုရီ ဗစ်ခရမ် မစ်ဆရီနှင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ သီးခြားဆွေးနွေးပွဲတစ်ရပ် တက်ရောက်ရန် ရောက်ရှိနေသည့် **ဖိလစ်ပိုင်သမ္မတနိုင်ငံ** နိုင်ငံခြားရေးဝန်ကြီး မစ္စတာအန်ရစ် အေမန်နလိုနှင့် ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ဘန်ကောက်မြို့ရှိ Capella ဟိုတယ်၌ သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်၊ လွိုင်မွေကန် လူကူးသံကူကွန်ကရစ်တံတား တည်ဆောက်မှုနှင့် ကျိုင်းတုံ-လွိုင်မွေသွားကားလမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)က တာဝန်ယူဆောက်လုပ်လျက်ရှိသော လွိုင်မွေဒေသ၊ လွိုင်မွေကန်ရှိ အရှည် ပေ ၃၅၀၊ အကျယ် ၈ ပေ ၁၀ လက်မရှိ လူကူးသံကူကွန်ကရစ်တံတားတည်ဆောက်နေမှုအား ယနေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတံတားအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ဆောက်လုပ်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အရှည် ၁၉ မိုင် ၃ ဖာလုံရှိ ကျိုင်းတုံ-လွိုင်မွေသွားကားလမ်းအား ရေရှည်တည်တံ့ကောင်းမွန်စေရန်နှင့်တောင်တက်လမ်းများ ချောမွေ့စွာသွားလာနိုင်ရေးအတွက် အကျယ် ၁၂ ပေမှ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျိုင်းတုံမြို့နယ်၊ လွိုင်မွေကန် လူကူးသံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစဉ်။

**❒ ကျောဖုံးမှအဆက်**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်းမှပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဒီဇင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၁˚c |
| ရန်ကုန် | ၂၂˚c | / | ၃၂˚c |
| မန္တလေး | ၁၈˚c | / | ၂၉˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဘက်စုံထွန်းပေါ် လနတ်တော်

**စိန်ဌေးလှိုင် (ပခုက္ကူ)**

နတ်တော်လဟာ မြန်မာပြက္ခဒိန်ရဲ့နဝမမြောက်လဖြစ်ပြီး နိုဝင်ဘာလနဲ့ ဒီဇင်ဘာလတို့မှာကျရောက်ကာ ရက်မစုံတဲ့လဖြစ်ပါတယ်။ နတ်တော်ရဲ့ အဓိပ္ပာယ်မှာ“နတ်” ဆိုသည်မှာ နာထလို့ခေါ်တဲ့ စကားမှ ဆင်းသက်လာပြီး “အကြီးအကဲ” ကို ဆိုလိုပါတယ်။ တော်ဆိုတာက“မြင့်မြတ်”မှုဖြစ်ပါတယ်။ ဒါ့ကြောင့် နတ်တော်လကို “မြင့်မြတ်သောလ”လို့ မှတ်ယူကြပါတယ်။ နတ်တော်လမှာ နတ်တို့ပျော်မြူးလေ့ရှိကာ “နတ်ပျော်လ”လို့ခေါ်ဆိုရာမှ နတ်တော်လဖြစ်လာတယ်လို့လည်းဆိုကြပါတယ်။ ဗေဒင်ပညာအလိုအရ ဓနုရာသီလို့ခေါ်ဆိုပြီး ဓနုဆိုတဲ့ပါဠိမှာလေးလက်နက်ကို ခေါ်ဆိုပါတယ်။ ရာသီရုပ်ပုံမှာလေးကိုဆွဲယူထားတဲ့ ယောက်ျားသဏ္ဌာန်ဖြစ်ပါတယ်။

နတ်တော်လဟာ ဆောင်းရာသီဖြစ်တာကြောင့် နှင်းတွေဝေကာ အလွန်ချမ်းအေးတဲ့ကာလဖြစ်ပါတယ်။ နတ်တော်လရဲ့စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်ပါတယ်။ ဒါ့ကြောင့် စာဆိုရှင်ဖိုးသူတော်ဦးမင်းက “ယုဂန္ဓိုရ်တောင်မိုထိပ်ဖျား၊ ရွှေလစန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်၊ မြန်းတူကြွသွား”လို့ဆိုကာ ဒွေးချိုးတစ်ပုဒ်ကို ကုန်းဘောင်ခေတ်မှာစပ်ဆိုခဲ့ပါတယ်။ ရာသီပန်းမှာသဇင်ပန်းဖြစ်ပြီး ငွေနှင်းရည်သောက်သုံးကာ သဇင်ပန်းပွင့်ပုံကို “နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေဆင်ကြသည်၊ ရွှေပင်ဆင့်ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်၊ ဂမုန်းအင်အဘက်၊ ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ဆိုတော့မည်”ဆိုတဲ့ ရကန်တစ်ပုဒ်ကိုစာဆိုတော်ဦးတိုးက ရေးသားခဲ့ပါတယ်။

> **❑ နတ်တော်လဟာ ဆောင်းရာသီဖြစ်တာကြောင့် နှင်းတွေဝေကာ အလွန်ချမ်းအေးတဲ့ကာလဖြစ်ပါတယ်။ နတ်တော်လရဲ့ စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်ပါတယ်။ ဒါ့ကြောင့် စာဆိုရှင်ဖိုးသူတော်ဦးမင်းက “ယုဂန္ဓိုရ်တောင်မိုထိပ်ဖျား၊ ရွှေလစန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်၊ မြန်းတူကြွသွား”လို့ ဆိုကာ ဒွေးချိုးတစ်ပုဒ်ကို ကုန်းဘောင်ခေတ်မှာ စပ်ဆိုခဲ့ . . .**

ပုဂံခေတ်သေဥ္စလည်ကြောင်မင်းလက်ထက်မှာ နတ်တော်လရောက်ရင် နတ်ကန္နားပွဲကျင်းပကြပါတယ်။ ဘုရင်၊ မင်းညီမင်းသားတွေနဲ့ ပုဂံပြည်သူ၊ ပြည်သားတို့ဟာ ပုပ္ပားတောင်ကိုတက်ကာ မင်းမဟာဂီရိနတ်မောင်နှမပသပွဲကို နှစ်စဉ်ကျင်းပလေ့ရှိပါတယ်။ မဟာဆိုတာက “ကြီးသော”လို့ အဓိပ္ပာယ်ရပြီး ဂီရိဆိုတာက “တောင်”ကို ဆိုလိုခြင်းဖြစ်ရာ “တောင်ပိုင်ရှင်၊ တောင်ကြီးရှင်” လို့ခေါ်ဆိုကာ ပုပ္ပားတောင်ကိုအပိုင်စားရပါတယ်။ မင်းမဟာဂီရိနတ်ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်ပါတယ်။ တကောင်းပြည့်ရှင်လက်ထက်မှာ ခွန်အားဗလသန်မာတဲ့ ပန်းပဲလုပ်သားမောင်တင့်တယ်ဆိုတာရှိခဲ့ပါတယ်။ ဘုရင်ဟာမောင်တင့်တယ်က ပုန်ကန်ခြားနားမှာကို စိုးရွံ့တာကြောင့်ညီမဖြစ်သူကို တော်ကောက်ခဲ့ပါတယ်။ အစ်ကိုဖြစ်သူကိုပရိယာယ်နဲ့ခေါ်ဆောင်ကာ စံကားပင်ရင်းမှာမီးရှို့ကွပ်မျက်လိုက်ပါတယ်။ ညီမဖြစ်သူပါ မီးပုံအတွင်းခုန်ဆင်းပါတယ်။ မောင်နှမနှစ်ဦးမှာ နတ်စိမ်းတွေဖြစ်ကာစံကားပင်မှာ ခိုလှုံနေရပါတယ်။ အရိပ်ခိုသူ၊ လူသူ၊ ကျွဲနွား တို့ကိုဖမ်းစားတာကြောင့် အပင်ကိုခုတ်ကာဧရာဝတီမြစ်အတွင်း မျှောလိုက်ရာမှ ပုဂံမြစ်ကမ်းမှာ ဆိုက်ကပ်ပါတယ်။ သေဥ္စလည်ကြောင်မင်းနှင့် ပုဂံသူ၊ ပုဂံသားတို့က စံကားပင်ကိုဆယ်ယူပြီး နတ်မောင်နှမရုပ်တုထုလုပ်ကာ ပုပ္ပားတောင်တွင် ထားရှိခဲ့သည့် အပြင် ပုဂံဒေသရှိအိမ်တိုင်းလိုလိုမှာ နတ်ကွင်းငယ်တွေဆောက်ပြီး ကျွဲ၊ နွားအသားတို့နဲ့ ယဇ်ပူဇော်ကြပါတယ်။ ကြွင်းကျန်တဲ့တိရစ္ဆာန်အရိုးတို့ကို နတ်ကွင်းတွေမှာ ချိတ်ဆွဲထားကြပါတယ်။ အနော်ရထာဘုရင်လက်ထက်မှာ ဒီအယူအဆကိုတားမြစ်ခဲ့ပါတယ်။ နတ်ရုပ်တွေကို ရွှေစည်းခုံဘုရားမှာထားစေပါတယ်။ ဒါပေမဲ့ နောင်ကာလများမှာဒီအယူအဆက ပြန်လည်ခေတ်စားလာပြန်ပါတယ်။ ဘုရင့်နောင်လက်ထက်မှာ အိမ်ရှေ့နတ်စင်ပြုလုပ်ထားတာကို ဆုံးမအပြစ်ပေးပါတယ်။ ဒီအခါနတ်စင်ကို အိမ်အတွင်းပြောင်းရွှေ့ထားရာကနေ “အိမ်တွင်းမင်းမဟာဂီရိနတ်”လို့ခေါ်ဝေါ်ပါတယ်။

ဒုတိယအင်းဝခေတ်ဦးပိုင်းက နတ်တော်လမှာ မဟာဂီရိနတ်ပွဲအစား မဟာပိန္နဲနတ်ပွဲကို ရာသီပွဲအနေနဲ့ပြောင်းလဲလာတယ်လို့ ခန့်မှန်းကြပါတယ်။ မဟာအတုလမင်းကြီးက ဒီနတ်ပွဲနဲ့ပတ်သက်ပြီး “ဆယ့်နှစ်ဖြာငယ်၊ ရာသီဓနု၊ ရွှေဟာသ်ာလဲ၊ တာရာပြုလို့၊ ဇေယျုငယ်ဖြဟ္မာ၊ ဟေမန္တာမို့၊ မဟာပိန္နဲနတ်မင်းပွဲမှာ ကျွေးမြဲပူဇော်လနတ်တော်” လို့ဆိုကာ လွမ်းချင်းကဗျာနဲ့မှတ်တမ်းတင်ခဲ့ပါတယ်။ မဟာပိန္နဲနတ်ဟာ တန်ဆောင်မုန်းလမှာမွေးဖွားပြီး အစွယ်တစ်ချောင်းရှိကြောင်း၊ ဆင်မျက်နှာနဲ့တူကြောင်း၊ လုံ့လက်နက်စွဲကိုင်ကြောင်း၊ ဥဒေါင်းယာဥ်ရှိကြောင်း၊ နတ်စစ်သူကြီးဖြစ်ကြောင်း သက္ကတအဘိဓာန်မှာ ဖွင့်ဆိုထားပါတယ်။

ပဒေသရာဇ်ခေတ်မြန်မာဘုရင်များဟာ ဆင်ကိုတန်ဖိုးထားကြကာ ဆင်ဖြူတော်ပိုင်ရှင်ဖြစ်လိုကြပါတယ်။ နတ်တော်လရောက်ရင် တောဆင်ရိုင်းတွေကိုဖမ်းယူကြပါတယ်။ “နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်ဆင်ရာတိမ်” လို့ မုံရွေးဆရာတော်ရဲ့ ဆယ့်နှစ်လရာသီမိုးဘွဲ့မှာရေးသားခဲ့ရာ ဆင်ခြေရာတိမ်ရုံလေးပင်မိုးရွာတတ်ပါတယ်။ ဆင်ဖမ်းသဘင်ကျင်းပချိန်မှာ ရွာတဲ့မိုးကို ဆင်ရာတိမ်မိုး၊ ဆင်ရာဖျောက်မိုးလို့လည်း ခေါ်ဆိုကြပါတယ်။

နတ်တော်လမှာ စာဆိုတော်ပွဲလို့ခေါ်တဲ့ ရာသီပွဲတော်တစ်ခုလည်းရှိနေပါသေးတယ်။ စာဆိုတော်ဆိုသည်မှာ ပဒေသရာဇ်ခေတ်က တွင်ကျယ်ခဲ့တဲ့ ထီးသုံးနန်းသုံးဝေါဟာရဖြစ်ပါတယ်။ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသား၊ ဘုရင့်သားတော်၊ သမီးတော်တို့ဘုန်းတန်ခိုးကြီးပုံ၊ လက်ရုံးရည်၊ နှလုံးရည်ထူးချွန်ပုံနဲ့ ချောမောလှပပုံချီးကျူးဖွဲ့ဆိုသူတွေကို စာဆိုတော်လို့သတ်မှတ်ခဲ့ပါတယ်။ ရှေးမြန်မာဘုရင်တို့ဟာ စာပြန်ပွဲကို နယုန်လမှာကျင်းပပါတယ်။ ဒီစာပြန်ပွဲများမှ လောကီ၊ လောကုတ္တရာမှာထူးချွန်သူ၊ နိုင်ငံရေးပညာရေးအုပ်ချုပ်ရေးတို့မှာ လိမ္မာကျွမ်းကျင်သူပညာရှင်များကိုမွေးထုတ်ပြီး ဘွဲ့ထူး၊ ဂုဏ်ထူးပေးအပ်ခြင်းအခမ်းအနားကို နတ်တော်လတွင်ကျင်းပလေ့ရှိပါတယ်။ စစ်သူရဲကောင်း၊ စာပေသူရဲကောင်း၊ လူရည်ချွန်များထွန်းပေါ်လာအောင်ဖန်တီးပေးတာကြောင့် တိုင်းပြည်အတွက် ကျေးဇူးများတဲ့ပွဲတော်ဖြစ်ပါတယ်။ ဒီအစဉ်အလာကိုထိန်းသိမ်းတဲ့အနေနဲ့ မျက်မှောက်ခေတ်မှာ နိုင်ငံတော်ကစာပေစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းပြီး စာဆိုတော်များကို စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆုစသဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပကာ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်နေပါတယ်။

အညာကျေးလက်မှ တောင်သူဦးကြီးတို့ဟာ ကောက်ပဲသီးနှံတွေကို နတ်တော်လမှာရိတ်သိမ်းကြပါတယ်။ သီးနှံများအပိန်အဖျင်းမပါဘဲအဆန်အောင်ဖို့ရာ ထမင်းဖြူ၊ မုန့်ဆီကြော်ဖြူနီ၊ ငါးခြောက်ကြော်အတုံးနဲ့ ယာခင်းစောင့်နတ်တင်မြှောက်မှုကို ယာသမုတ်တင်တာလို့ခေါ်ကြပါတယ်။ “နတ်တော်မုန့်လုံး၊ ဆင်ချေးတုံး” လို့လည်း အဆိုရှိခဲ့ရာ ကောက်ညှင်းလှိုင်လှိုင် ပေါ်ချိန်ဖြစ်တာကြောင့် မုန့်လုံးလုံးကြတာက ဆင်ချေးတုံးလိုကြီးမားပါတယ်။ ဒါ့အပြင် “နတ်တော်လရောက်ကောက်ဆွပေါက်” လို့ဆိုကြပြန်ရာ ရိတ်သိမ်းပြီးတဲ့ကောက်လှိုင်းစည်းတို့ကိုလှည်းနဲ့တိုက်ပြီး မိမိတို့ရဲ့လုပ်ငန်းခွင်မြေတလင်းဆီကို အရောက်သယ်ဆောင်ပါတယ်။ ကောက်လှိုင်းတွေကို ပြန့်ပြန့်ပြူးပြူးခင်းကာကျွဲနွားနဲ့ စပါးနယ်ရပါတယ်။ နင်းနယ်ပြီးတဲ့ကောက်ပြန့်တွေကို ကောက်ရိုးတခြား၊ စပါးတခြားဖြစ်အောင်ပြုလုပ်တာကို ကောက်ဆွပေါက်တာလို့ပြောကြပါတယ်။

အချုပ်အားဖြင့်ဆိုရရင် နတ်တော်လဟာ ဆောင်းဥတုအတွင်းကျရောက်ကာ နိုင်ငံအဝန်းသာယာအေးမြနေပါတယ်။ ရှေးပဝေသဏီက ပုပ္ပားတောင်မှာ နတ်ပွဲများကျင်းပကြသလို မဟာပိန္နဲနတ်ပွဲဆိုတာကိုလည်းကျင်းပကြပါတယ်။ ပဒေသရာဇ်ခေတ်မှာ တိုင်းပြည်သာယာဝပြောဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆင်ဖြူတော်များကို တခမ်းတနားမွေးမြူခဲ့ကြပါတယ်။ ယနေ့ခေတ်မှာစာဆိုပွဲတော်အဖြစ် စာပေထူးချွန်ဂုဏ်ပြုချီးမြှင့်ပွဲကို ကျင်းပလျက်ရှိပါတယ်။ တောင်သူဦးကြီးတို့ဟာ ကောက်ပဲသီးနှံရိတ်သိမ်းချိန်ဖြစ်တာကြောင့် ဝင်ငွေရွှင်တဲ့ကာလဖြစ်ပါတယ်။ ဒါ့ကြောင့်“ဘက်စုံထွန်းပေါ် လနတ်တော်”လို့ဆိုကာ ရေးသားလိုက်ရပါတယ်။ ။

---

# တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးစိုက်ခင်း ၁၈၃၁၅၈ ဧက ရိတ်သိမ်းပြီးစီး တစ်ဧက ၇၃ ဒသမ ၆ တင်းထွက်ရှိ

**မြိတ် ဒီဇင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးစပါးစိုက်ရာသီတွင် စိုက်ပျိုးခဲ့သည့်မိုးစပါးစိုက်ခင်း ၁၈၃၁၅၈ ဧကကို ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ယခုနှစ် မိုးစပါးစိုက်ရာသီက မိုးစပါး ၂၂၂၄၉၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ၁၈၃၁၅၈ ဧကကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် တစ်ဧက ၇၃ ဒသမ ၆ တင်းထွက်ရှိကြောင်းသိရသည်။

“စပါးစိုက်ပျိုးရာမှာလည်း စပါးအထွက်နှုန်းတိုးတက်မြင့်မားစေဖို့၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးဖို့နဲ့ လိုအပ်တဲ့နည်းပညာပေးခြင်းတွေ၊ မျိုးတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ ယခုနှစ် မိုးစပါးရိတ်သိမ်းတဲ့အချိန်မှာ တောင်သူတွေရိတ်သိမ်းမှုအဆင်ပြေစေဖို့ဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး စပါးရိတ်သိမ်းခြွေလှေ့စက်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးထားသည့်စပါးခင်းများအောင်မြင်ဖြစ်ထွန်းပြီး စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန်တမန်းနှိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲခြင်း၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရန်စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးကြောင်းသိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးရာသီအချိန်ကတောင်သူများ မိုးစပါးစိုက်ပျိုးမှုအခက်အခဲမရှိ အဆင်ပြေစွာ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမှကာကွယ်ရေးအသိပညာပေးခြင်း၊ စပါးသီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ရိတ်သိမ်းပြီးစပါးများအားအမိုးအကာအောက် အချိန်မီရောက်ရှိစေရေးစသည့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# အမှတ်တရကောင်းများဖြင့် အားကစားသမားများစိတ်နှလုံးဝယ် စွဲကျန်နေမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ဒီဇင်ဘာလ ၂၀ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်သည်။ အားကစားပြိုင်ပွဲအသီးသီးတွင် ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများ၊ မျိုးဆက်သစ်များ၊ အားကစားသမားတို့အတွက် နောက်ကွယ်မှ ပံ့ပိုးပေးလျက်ရှိသည့် အသင်းများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကြီးများတွင် ပါဝင်အားဖြည့်ကြသူအားလုံးအတွက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် အမှတ်တရများစွာ ကျန်ရစ်ခဲ့တော့မည်ဖြစ်ရာ ယင်းတို့အနက်မှ နောက်ဆုံးပိတ်ပွဲစဉ်အချို့တွင် ယှဉ်ပြိုင်ကြသူများ၏ အမှတ်တရစကားသံများကို စုစည်းတင်ပြလိုက်ရပါသည်။

**မောင်နိုင်လင်းထွန်း (လမ်းလျှောက် စံချိန်သစ်ရ ကစားသမား)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ကီလိုမီတာ ၂၀ လမ်းလျှောက်အားကစားနည်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုနဲ့ ၁ နာရီ ၃၅ မိနစ် ၃၂ စက္ကန့်နဲ့ စံချိန်သစ်ရပါတယ်။ အသက် ၂၁ နှစ်အောက် ပြည်နယ်နဲ့တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲမှာလည်း လမ်းလျှောက်မှာ ၁ နာရီ ၃၆ မိနစ် ၂၀ စက္ကန့်နဲ့ ၂၀၂၃ ဆီးဂိမ်းပထမစံချိန်ထက်အသာနဲ့ ပထမဆုရထားပါတယ်။ ဒုတိယဆုရတဲ့သူနဲ့ ကျွန်တော်နဲ့ဆိုရင် မီတာ ၂၀၀ လောက်ကွာပါတယ်။ နည်းပြ/ဆရာတွေရဲ့ သင်ကြားပြသမှုနဲ့ ကိုယ်တိုင်ကြိုးစားမှုရဲ့ ရလဒ်အဖြစ် ကျွန်တော် ရွှေတံဆိပ်ဆုတွေ၊ စံချိန်သစ်တွေရတဲ့အတွက် ဝမ်းသာတယ်။ ပြိုင်ပွဲမှာ ပြိုင်မယ်ဆိုကတည်းက ကျွန်တော်က ပထမနေရာကိုပဲ လိုချင်တယ်။ ဒါကြောင့် သေချာလေ့ကျင့်တယ်။ လေ့ကျင့်ရင်းနဲ့နာမသွားအောင်လို့ ဂရုစိုက်တယ်။ ကျွန်တော် အားကစားပြိုင်ပွဲတွေမှာ ဝင်ပြိုင်တာ သုံးနှစ်မပြည့်သေးဘူး။ ပထမဆုံးနှစ်မှာ ပြည်နယ်နဲ့တိုင်း ပြိုင်ပွဲမှာ ၁ နာရီ ၅၇ မိနစ်နဲ့ ပထမရတယ်။ စံချိန်တော့မရခဲ့ဘူး။ မနှစ်ကလည်း လမ်းလျှောက်မှာ ၁ နာရီ ၄၇ မိနစ်နဲ့ စံချိန်ချိုးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်က စီနီယာအစ်ကိုကြီးလျှောက်တဲ့စံချိန်ကိုချိုးနိုင်ခဲ့တာပါ။ ကိုယ့်အနာဂတ်မျှော်လင့်ချက်က ပြည်ပပြိုင်ပွဲတွေမှာ ပြိုင်ချင်တယ်။ ကိုယ့်မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုယူပေးချင်တယ်။ အခုပြိုင်ပွဲမှာ စံချိန်သစ်ရတဲ့အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတွေအားလုံးက ဆုတွေချတယ်။ ဆုရတဲ့ ဆိုင်ကယ်နှစ်စီးမှာ တစ်စီးကို ကျွန်တော့်ရဲ့ နည်းပြဆရာ ဦးအောင်နိုင်ဝင်းကို ကန်တော့ခဲ့တယ်။ အခုလို စံချိန်သစ်တွေ၊ ဆုတွေရတယ်ဆိုတာကလည်း နည်းပြဆရာတွေရဲ့ ဂရုစိုက်သင်ကြားပြသမှုနဲ့ နည်းစနစ်တွေကြောင့်ပါ။ ကျွန်တော့်အသက်က ခု ၁၈ နှစ်ပြည့်တော့မယ်။ အား/ကာ-သိပ္ပံ (တောင်ကြီး)ကနေ အရွေးခံရပြီးနောက် ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီးတော့ အခုနိုင်ငံ့လက်ရွေးစင် ကစားသမားအဖြစ် ပဏာမအရွေးခံထားရပါတယ်။ ကျွန်တော့်လို မျိုးဆက်သစ်တွေကို အကြံပြုချင်တာက ကြိုးစားကြပါ။ ကိုယ်ဝါသနာပါတဲ့ အားကစားတစ်ခုခုကို လုပ်ဖြစ်အောင် လုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**မလင်းစန္ဒာဋ္ဌေး(ရွှေတံဆိပ်ဆုရ ကချင်ပြည်နယ်ပြိုင်ပွဲဝင်)**
**ကရာတေး ခတ၊ ကုမိတဲ့ပြိုင်ပွဲ**

ကရာတေးပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲနဲ့ အမျိုးသမီး ကီလို ၅၀



မောင်နိုင်လင်းထွန်း

နှင့်အောက် ကုမိတဲ့ ပြိုင်ပွဲအမျိုးအစားနှစ်ခု ယှဉ်ပြိုင်ပါတယ်။ ခတမှာ တတိယ(ကြေး)ရပြီး ကုမိတဲ့မှာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမှာ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်မတို့ ဒီပြိုင်ပွဲမဝင်ခင် ခြောက်လကျော်လောက်ကတည်းက မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်ကနေ Camp သွင်းပြီး သေသေချာချာလေ့ကျင့်ပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ကျွန်မက အား/ကာ-သိပ္ပံ(မန္တလေး)ကို ၈ တန်းနှစ်ကတည်းက စရောက်ပြီးတော့ ကရာတေးအဓိကနဲ့ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပါတယ်။ အခြားကရာတေးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ Japan Cup စတဲ့ ကရာတေးပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်ပြီး ရွှေ၊ ငွေ၊ ကြေးတံဆိပ်တွေရဖူးပါတယ်။ ပြည်နယ်နဲ့ တိုင်းအဆင့် ကရာတေးပြိုင်ပွဲတွေကနားထားတာကြာပြီ။ ဒီပြိုင်ပွဲကြီးကျင်းပတဲ့အချိန်မှ ပြန်ပြီးကျင်းပတဲ့အတွက် ဝင်ပြိုင်တာပါ။ ပြိုင်ခဲ့ဖူးတဲ့ပြိုင်ပွဲတွေထဲမှာတော့ ဒီပြိုင်ပွဲကအကြီးဆုံးပါ။ ဒီလိုပြိုင်ပွဲတွေလည်းများများလုပ်စေချင်တယ်။ ပြည်တွင်းရော ပြည်ပပွဲတွေပါ များများလွှတ်ပေးစေချင်တယ်။ ကရာတေး အားကစားရဲ့ ရည်ရွယ်ချက်က အချင်းချင်း လေးစားမှုနဲ့ စည်းကမ်းလိုက်နာခြင်းပါ။ အချင်းချင်းလေးစားမှုရှိမှ အခြားသောလူမှုဆက်ဆံရေးကိုလည်း အဆင်ပြေစေနိုင်တာပါ။ ကျွန်မရဲ့ အနာဂတ်မျှော်လင့်ချက်က ဆီးဂိမ်းမှာ သမီးကစားတဲ့ ဝိတ်တန်းမှာ အကောင်းဆုံးယှဉ်ပြိုင်ပြီးတော့ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးချင်တယ်ရှင့်။

**ကိုဇော်မင်းထက်(အုပ်ချုပ်သူ ရခိုင်ပြည်နယ် ကရာတေးအသင်း)**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိုယ်စားပြုကရာတေးကစားသမားတွေထဲက ရွှေတံဆိပ်ဆုနှစ်ခုရယူပေးနိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူလို့မဆုံးပါဘူး။ နောက်ထပ်နှစ်ဦးလည်း ကြေးတံဆိပ်ဆုရရှိထားပါတယ်၊ ကရာတေးကစားနည်းမှာ ကျွန်တော်တို့ကစားသမား အကုန်လုံး ၁၄ ဦးဝင်ပြိုင်ပါတယ်။ ရခိုင်ပြည်နယ်က ကရာတေးကစားသမားတွေအနေနဲ့ ပြိုင်ပွဲအတွက် ပြည်နယ်မှာလေ့ကျင့်ဖို့အခက်အခဲတွေရှိတာကြောင့် ပထမဆုရအောင်ကြိုးစားမယ်ဆိုတဲ့ရည်ရွယ်



မလင်းစန္ဒာဋ္ဌေး



ဆရာခင်မောင်တိုး

ချက်နဲ့ နေပြည်တော်မှာ နှစ်လစခန်းသွင်းလေ့ကျင့်ပြီး ရွှေတံဆိပ်ဆုအရယူနိုင်ခဲ့တာပါ။

**နန့်စန္ဒာမိုး(ရွှေတံဆိပ်ဆုရ၊ ဘော်လီဘော ပြိုင်ပွဲဝင်)**
**(ကာကွယ်ရေးဝန်ကြီးဌာနအသင်း)**

ညီမတို့ ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းက ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီနေ့ဗိုလ်လုပွဲက လက်ရည်ညီတဲ့အသင်းနှစ်သင်းဖြစ်တော့ ယှဉ်ပြိုင်မှုအားကောင်းတဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ ညီမတို့အသင်းကတော့ ဒီနေ့ပြိုင်ပွဲမှာ အမှားအယွင်းနည်းစွာနဲ့အချိတ်အဆက်မိမိကစားနိုင်ခဲ့ပြီး တစ်ဖက်အသင်းကစားသမားတွေရဲ့ရိုက်ချက်တွေကို အကောင်းဆုံးကာကွယ်နိုင်ခဲ့တဲ့အတွက် ခုလိုရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ ဘော်လီဘောကစားနည်းက ရှုထောင့်ပေါင်းစုံကနေ လျင်မြန်စွာဆုံးဖြတ်ချက်ချ ကစားရတဲ့အတွက် လေ့ကျင့်မှုပြည့်ဝဖို့လိုသလို ဖြတ်ထိုးဉာဏ်လည်းကောင်းဖို့လိုတယ်။ အားကစားသမားတစ်ယောက်ဖြစ်တော့ ပြိုင်ပွဲတွေ နှစ်စဉ်နှစ်တိုင်းကျင်းပပေးဖို့ မျှော်လင့်တယ်။ ခုလို အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးတဲ့အတွက်လည်း တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာခင်မျိုးဝင်း(ဒုတိယညွှန်ကြားရေးမှူး)**
**ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံကြီး (နေပြည်တော်)**

အမျိုးသားအားကစားပွဲတော်အခမ်းအနားကြီးမှာ ဝန်ကြီးဌာနရဲ့တာဝန်ပေးချက်အရ ဆေးအဖွဲ့တွေနဲ့ ဆေးခန်းတွေ ဖွင့်လှစ်ပေးထားပါတယ်။ ခုတင်(၁၀၀၀)



ကိုဇော်မင်းထက်



ဒေါက်တာခင်မျိုးဝင်း

ပြည်သူ့ဆေးရုံကြီးအနေနဲ့ ဆေးခန်းသုံးခန်း ဖွင့်လှစ်ပေးထားပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကနေ ဖွင့်ပွဲပိတ်ပွဲကျင်းပတဲ့ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနဲ့ ရွာတော်မှာရှိတဲ့ စစ်ကြောရေးနဲ့တည်းခိုရေးစခန်းမှာလည်း ဆေးခန်းဖွင့်လှစ်ပေးထားတဲ့အပြင် အားကစားကွင်းထဲက ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ဖွင့်လှစ်ပေးထားတဲ့ အခြားဆေးဝန်ထမ်းအဖွဲ့တွေအပါအဝင်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေ အများကြီးပါဝင်ပါတယ်။ ကျွန်မတို့ ဆေးခန်းမှာဆိုရင် အရေးပေါ်တာဝန်ကျဆရာဝန်ကြီး/အရိုးအကြောဆရာဝန်ကြီး/အထွေထွေရောဂါကုဆရာဝန်ကြီးတွေနဲ့ ကျန်းမာရေးဝန်ထမ်း သူနာပြုဆရာ၊ ဆရာမတွေပါဝင်ပါတယ်။ ကျွန်မတို့ ခုတင် (၁၀၀၀) ဆေးခန်းမှာ လိုအပ်ရင်လိုအပ်သလို ပြုစုကုသမှုတွေဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ဆေးဝါးနဲ့ပစ္စည်းကိရိယာတွေ အသင့်ထားရှိသလိုပဲ ဆေးခန်းပြဖို့၊ ဓာတ်မှန်ရိုက်ဖို့နဲ့ လိုအပ်ရင် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီးကို လွှဲပို့နိုင်ဖို့အတွက်ကို အသင့်ပြင်ဆင်ဆောင်ရွက်ပေးထားပါတယ်။

**ဆရာခင်မောင်တိုး**
**(ဘော်လီဘောနည်းပြချုပ်)**
**(ရွှေတံဆိပ်ဆုရ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်း)**

ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသမီးဘော်လီဘောအသင်းအနေနဲ့ ဒီနေ့မှာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ရရှိတဲ့အတွက် ဝန်ကြီးဌာနနဲ့ ကစားသမားတွေအတွက် အလွန်ဂုဏ်ယူမိတယ်။ ကျွန်တော်တို့အသင်းကတော့ ပြည်တွင်းရော ပြည်ပမှာပါ ပြိုင်ပွဲတွေရှိလာတဲ့အခါ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုတင်လေ့ကျင့်မှုတွေ အမြဲမပြတ်



နန့်စန္ဒာမိုး



ကိုလှမင်းအောင်

လုပ်ဖြစ်ပါတယ်။ ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေတိုင်းမှာ တကယ်တော်တဲ့မျိုးဆက်သစ်ကစားသမားတွေကို ပြန်လည်မြင်တွေ့ရတဲ့အတွက် နိုင်ငံအတွက် ဘော်လီဘောလက်ရွေးစင်ကစားသမားတွေ အများကြီးထွက်ပေါ်လာနိုင်တယ်။ မျိုးဆက်သစ်ကစားသမားတွေအနေနဲ့ ကိုယ်ကျွမ်းကျင်ရာကစားနည်းကို ရွေးချယ်ပါ။ အောင်မြင်မှုတွေရရှိအောင်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယတို့နဲ့အတူ နည်းစနစ်တကျလေ့လာသင်ယူပါ။ ယှဉ်ပြိုင်မှုကို ပြိုင်ဘက်လိုသဘောမထားဘဲ တစ်သင်းနဲ့တစ်သင်း၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ရိုးသားစွာကစားကြဖို့ ပြောချင်ပါတယ်။

**ကိုလှမင်းအောင်(ခွဲမှူး၊ နည်းပြ)**
**ပြည်မြို့၊ ရွှေတောင်ဇေယျာသိဒ္ဓိ သိုင်းပင်မအဖွဲ့**

ပိတ်ပွဲအခမ်းအနားမှာ ဖျော်ဖြေဖို့အတွက် ကျွန်တော်တို့အဖွဲ့က ၃၅ ဦးပါပါတယ်။ အခမ်းအနားမှာ မြန်မာ့သိုင်းအခြေခံ ၆၃ မောင်းသရုပ်ပြပြီးတာနဲ့ ကာယသိဒ္ဓိပြသတာနဲ့ ဓားရေးကစားတာတွေပါဝင်ပြသမှာပါ။ ဒီလိုမျိုးပြိုင်ပွဲကြီးမှာ အနယ်နယ်အရပ်ရပ်က အဖွဲ့တွေ လာဆုံကြရလို့ဝမ်းသာတယ်။ အထူးသဖြင့် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ မြန်မာ့ရိုးရာသိုင်းပညာရပ်တွေကို ဒီလိုအခမ်းအနားကြီးမှာ ပြသခွင့်ရတာကို ပိုပြီးတော့ကျေနပ်မိတယ်။ ဒီလိုမျိုးရိုးရာပညာရပ်တွေကိုလည်း လူငယ်မျိုးဆက်တွေကို ဆက်ပြီးထိန်းသိမ်းစေချင်တယ်။

တွေ့ဆုံမေးမြန်း-ခင်ရတနာ၊
ဇင်ဦး၊ ဟိန်းထက်ဇော်၊
မျိုးထက်ဦး၊ ဓာတ်ပုံ- ဇင်ဟိန်းထက်

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား”ဖြင့် ဆောင်ရွက်ရေး။

၅။ “ရွှေ့သို့ချီမည် ပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

❍ **စာမျက်နှာ ၁၇ မှအဆက်**

ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၇၀) ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ **ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်**ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသား(၅၂)ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ သာမန်ပွဲကစားချိန် မိနစ် ၄၀ နှင့် အချိန်ပို ၁၀ မိနစ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် ၃ ဂိုးစီ သရေရလဒ်ထွက်ပေါ်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

**ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်**
**၁၉-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ**

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၈ | ၄၂ | ၃၉ | ၁၄၉ | |
| ၂ | ရှမ်း | ၂၇ | ၃၂ | ၄၁ | ၁၀၀ | |
| ၃ | မန္တလေး | ၂၅ | ၂၆ | ၃၉ | ၉၀ | |
| ၄ | စစ်ကိုင်း | ၂၁ | ၂၀ | ၂၁ | ၆၂ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၂ | ၄၉ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၉ | ၆၇ | |
| ၈ | မကွေး | ၁၄ | ၁၃ | ၂၀ | ၄၇ | |
| ၉ | ပဲခူး | ၉ | ၂၀ | ၂၇ | ၅၆ | |
| ၁၀ | ကရင် | ၈ | ၁၁ | ၃၁ | ၅၀ | |
| ၁၁ | နေပြည်တော် | ၇ | ၅ | ၁၁ | ၂၃ | |
| ၁၂ | ရခိုင် | ၅ | ၁၁ | ၁၆ | ၃၂ | |
| ၁၃ | မွန် | ၅ | ၁၀ | ၁၀ | ၂၅ | |
| ၁၄ | ချင်း | ၃ | | ၉ | ၁၂ | |
| ၁၅ | ကယား | ၁ | ၇ | ၅ | ၁၃ | |
| | စုစုပေါင်း | ၂၃၈ | ၂၃၈ | ၃၃၁ | ၈၀၇ | |

**ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ဝန်ကြီးဌာနအလိုက် ၁၉-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၁၀ | ၃၄ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၂ | ၇ | ၉ | ၂၈ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၀ | ၁၀ | ၁၀ | ၃၀ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၂ | ၈ | ၂၇ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၁ | ၆ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၃ | | ၃ | |
| ၁၂ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၃ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၅ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၇ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၅၀ | ၅၀ | ၅၀ | ၁၅၀ | |






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ပရိသတ်များက ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် ဝန်ကြီးဌာနအဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ အမျိုးသား (၇၀)ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

○ **ရှေ့ဖုံးမှအဆက်**

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ **အမျိုးသမီးဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်**အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ **အမျိုးသားဘော်လီဘောဗိုလ်လုပွဲ ပွဲစဉ်**အဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက သမဝါယမကဏ္ဍဖြင့်စိုက်ပျိုးသော ဆီထွက်သီးနှံ (နေကြာ) စိုက်ဧက ၁၀၀၂၆၈ ဒသမ ၆၇ ဧကအတွက် ငွေကျပ် ၁၈ ဒသမ ၃၂၆ ဘီလီယံတို့ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ဘတ်ဂျက်ငွေနှင့် အသင်းပိုင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ပန်းတိုင်အထွက်နှုန်းရရှိရန်လိုအပ်ကြောင်း၊ ရုရှားနိုင်ငံထုတ် ရွက်ဖျန်းသဘာဝမြေသြဇာသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့်အတွက် တောင်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် တိုင်းဒေသကြီး /ပြည်နယ် သမဝါယမဦးစီးဌာနမှညွှန်ကြားရေးမှူးများ၊ ဗဟိုသမဝါယမအသင်းကိုယ်စားလှယ်နှင့် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြောင်း သိရသည်။

(၅၀၀)



# အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(ရန်ကုန်)ကို ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့်ဦးသန်းဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဦးကျော်စိုးနှင့်ဦးသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများ လုံလောက်စွာရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ဆောင်ရွက်ပေးမှု၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ၊ မရှိအခြေအနေများအပြင် အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့နှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျ မြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကိုလေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့်အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း (တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း (၃) ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇ )ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁) ပုဒ်၊ မေးခွန်းတိုများပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ် နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁)သည် ဓမ္မဓိဋ္ဌာန် မေးခွန်းဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့်အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

(၁) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက်စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခုဖြစ်သည်။

မေးခွန်း ၁(ခ) တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

(၁) ခေတ်စကားပြေကို --------- ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာသုံးခုထဲမှ အမှန်တစ်ခုကိုရွေးချယ်ရသည့် မေးခွန်းကိုမေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ---------- ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား၊ ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုးမပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာသင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ် သေသေချာချာ လေ့လာကျက်မှတ်ထားရန်လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က) သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာမေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျီ၊ ကြိမ်၊ ရဝေ၊ ဘုန်းဟော့။

မြန်မာဝေါဟာရ၏အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကိုဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက - ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက- စွန့်ကြဲ = လှူသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက- ဘုန်းဟော့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက - စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြောင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် ငါးခုကိုရွေးချယ်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

စိန်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြုတ်မျက်လုံးလောက်၊ တကြုတ်ကြုတ်၊ ကျတ်တွင်းရေသို့၊ ကြာညွတ်ဖယောင်းနေရှိန်ပျောင်းသို့။

**အဖြေ–** စိန်ပွင့်အုံး = စိန်ပွင့်စိန်ပန်းစီခြယ်ထားသည့်ခေါင်းအုံး (မှီအုံး)ဟုတိုက်ရိုက်မရေးဘဲ စိန်ပွင့်အုံး ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသားပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါး၊ စင်းလုံးချွတ်ကြံမိငြားလျှင်၊ မှားလို့သာမှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှကောင်းမလေ။

မေးခွန်းနံပါတ်၂။ (ဃ) သည် အပြောသင်ခန်းစာမေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကိုမေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းရှင်းပြပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှုစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်သော်လည်း မေးခွန်း၏ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ သြဝါဒထူးပျို့ကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**စာမျက်နှာ ၂၆ သို့** ◆

◆ စာမျက်နှာ ၂၅ မှအဆက်

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄) သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်ကိုသတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ်အရေးအသားကိုမေးမြန်းသော ပြဇာတ်မေးခွန်းရှည်ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာမေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ပြဇာတ်ကိုလေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကိုသိရှိနားလည်ရန်၊ ပြဇာတ်၏အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန်လိုအပ်လှပါသည်။ ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်တွင် တွေ့ရှိရသော ရသမြောက်အဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် ၂ ပုဒ်မေးကာ ၁ ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေအရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅) ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

**(၁) သာယာသောနံနက်ခင်း**

- နေ့တစ်နေ့၏အချိန်များအနက်သာယာသောအချိန်တစ်ချိန်ဖြစ်ပုံ
- နံနက်ဆည်းဆာ ရောင်နီထွက်ပေါ်လာပုံ
- ပတ်ဝန်းကျင်၏ သာယာလှပပုံ
- လူတို့၏ နိုးထလှုပ်ရှားကြပုံ
- နေ့တစ်နေ့ကို အင်အားသစ်ဖြင့် အစပြုပုံ

**(၂) သတိတရား**

- သတိတရား၏ အရေးကြီးပုံ
- သတိကင်းလွတ်ခြင်း၏ အပြစ်
- သတိပျက်ယွင်းစေသော အကြောင်းများ
- သတိရှိခြင်း၏ အကျိုး
- သတိတရားကို လက်ကိုင်ထားသင့်ပုံ

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ် ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေးအရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားရန်လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာ ရေးတတ်ရန်လိုအပ်ပါသည်။ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား၊ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ရသစာပေဖတ်ရခြင်းသည် သုတစာပေဖတ်ရခြင်းထက် ပိုကောင်းသည်။

(၂) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍ အကျိုးရှိသည်။

ဤမေးခွန်းကိုဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ်လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့်ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို(၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကိုဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ်နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကိုဖြေဆိုရာတွင် မိမိ၏ စိတ်ကူးစိတ်သန်း အတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက်မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင်ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူအားလုံး မြန်မာစာပေနှင့် မြန်မာစာဘာသာစကားကို မြတ်နိုးတန်ဖိုးထားကာ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေးနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်နေမှုမြင်ကွင်း





ဝန်ကြီးဌာနအဆင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။



ဝန်ကြီးဌာနအဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ လာရောက်ကြည့်ရှုအားပေးသည့်ပရိသတ်များကို တွေ့ရစဉ်။





ဝန်ကြီးဌာနအဆင့် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။



ဝန်ကြီးဌာနအဆင့် အမျိုးသားပိုက်ကျော်ခြင်း လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်စဉ်။





ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဝူရှူးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှ အမျိုးသား(၇၀)ကီလိုတန်း ဆန်းဆိုပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁၇ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၅၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၁၈ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ်၊ ညောင်ပင်သာမြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ တရားမဝင် သစ်မာ (၃ ဒသမ ၀၀၆)တန်နှင့် အခြားသစ် (၂ ဒသမ ၁၇၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား၊ ပါဆယ်(၁)ရထားတွဲပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၄၅၀၄၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၅၂၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၉၀၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus (၁)စီး၊ King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၊ ပန်ကွဲရွာအနီး၊ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၄)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၃၈၈၄၅၉)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၈)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၃၃၈၂၉၅)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၇၈၂၇၅၄)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၂၀၅၀၅၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် တင်သွင်းမှုများ လျော့ကျလာစေပြီး အလုပ်အကိုင် အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုကျဆင်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**

# ပခုက္ကူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁ ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး၊ ကမ္ဘမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာလ ၁၄ ရက်က ပြည်သူ ၁ ဦးကိုဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် ပခုက္ကူမြို့နယ်၊ ရေမျက်ကျေးရွာကို ဒီဇင်ဘာလ ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပခုက္ကူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ ဒီဇင်ဘာလ ၁၈ ရက်က ရေမျက်ကျေးရွာနှင့်အနီးဝန်းကျင်များသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်းမရှိကြောင်းနှင့် ကမ္ဘမြို့နယ်အတွင်းမှပြည်သူ ၁ ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည့်သတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

**ပျောက်ဆုံးကြောင်း**
ဝင်းနွယ်ဦး(ဘ)မန်းရွှေလရောင် ၁၄/မမန(နိုင်)၁၅၂၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 775536)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၃၂၆၁၄၀

**ပျောက်ဆုံးကြောင်း**
ကောင်းခန့်ဇေ(ဘ)ဦးတင်လှ၁၂/တကန(နိုင်)၁၇၇၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 723822)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၁၄၄၅၅၅

**ပျောက်ဆုံးကြောင်း**
သက်ကိုကိုဦး(ဘ)ဦးမြင့်ငွေ ၈/သရန(နိုင်)၁၀၉၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 886489)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၃၂၅၂၅၃

**ပျောက်ဆုံးကြောင်း**
ဇော်လွင်(ဘ)ဦးတင်မြင့် ၁၁/သတန(နိုင်)၀၄၉၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၃၀၈၅၅

**ပျောက်ဆုံးကြောင်း**
အေးသန္တာမိုး(ဘ)ဦးသောင်းကြည် ၁၂/လကန(နိုင်)၂၁၇၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 353799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၉၈၁၈၄၄

**ပျောက်ဆုံးကြောင်း**
နိုင်မင်းသိမ်း(ဘ)ဦးသိန်းမြင့် ၇/ကတခ(နိုင်)၁၄၄၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 353248)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၅၈၈၁၀၀

**ပျောက်ဆုံးကြောင်း**
နန်းလှခင်(ဘ)ဦးစင့်ကျော်အေး ၁၃/ကမန(နိုင်)၀၈၁၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 485193)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၈၉၄၆၂၁

**ပျောက်ဆုံးကြောင်း**
ဝမ်ယုံချင်း(ခ)ဝင်းနိုင်(ဘ)ဦးကွယ်ရီး ၁၃/မဆတ(နိုင်)၀၃၃၃၁၃ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 102950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၇၇၂၃၃၃

**ပျောက်ဆုံးကြောင်း**
ဘုန်းသန့်ကျော်(ဘ)ဦးတင်ရွှေ၇/ညလပ(နိုင်)၀၉၂၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 456414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်ကျော်ဦး(ဘ)ဦးစန်းငွေ ၁၄/ကခန(နိုင်)၀၉၁၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 769263)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်ဆွေ(ဘ)ဦးခင်မောင်သန်း ၁၂/မဘန(နိုင်)၀၁၃၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၇၀၃၇၆၇

**ပျောက်ဆုံးကြောင်း**
ဦးစပ်ထွေးမြင့်(ဘ)ဦးမန်းကြီးမြင့်၁၁/ကတန(နိုင်)၀၆၉၆၄၂ ကိုင်ဆောင်သူ၏ နိုင် ငံကူးလက်မှတ်အမှတ်(428313)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၄၄၅၉၇

**ပျောက်ဆုံးကြောင်း**
ဓာခြည်ဝင်း(ဘ)ဦးဆန်းဝင်း ၁၂/အလန(နိုင်)၀၄၅၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၆၂၀၉၂

**ပျောက်ဆုံးကြောင်း**
ရဲလင်းထွေး(ဘ)ဦးသိန်းအောင်၁၂/သဃက(နိုင်)၂၁၂၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝေဝေလှိုင်(ဘ)ဦးတင်လှိုင် ၇/ပခန(နိုင်)၀၁၇၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နေ စိုးမင်းသူ(ဘ)ဦးသောင်းဝင်း ၁၄/မအန(နိုင်)၂၀၀၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၆၈၃၉၂၃၉

**ပျောက်ဆုံးကြောင်း**
အောင်ကိုလွင်(ဘ)ဦးငွေလွင် ၁၃/လရန(ပြု)၀၀၀၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၀၇၃၈၅၅

**ပျောက်ဆုံးကြောင်း**
ဖိုးကျော်(ဘ)ဦးစိုးစိုး ၇/ကတခ(နိုင်)၁၈၇၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 674177)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၇၄၃၅၉၇

# မက္ကဆီကိုကလပ် ပါချူအာအသင်းကို အနိုင်ရရှိပြီး ဖီဖာအင်တာကွန်တီနယ်တယ်ဖလားကို ရီးယဲလ်မက်ဒရစ်အသင်းဆွတ်ခူး




**မက်ဒရစ် ဒီဇင်ဘာ ၁၉**

ဖီဖာအင်တာကွန်တီနယ်တယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မက္ကဆီကိုကလပ် ပါချူအာအသင်းတို့ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် ရီးယဲလ်မက်ဒရစ်အသင်းက အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၇ မိနစ်တွင် အမ်ဘတ်ပီ၊ ပွဲချိန် ၅၃ မိနစ်တွင် ရိုဒရီဂိုနှင့် ပွဲချိန် ၈၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဗင်နီစီးယက်စ်က သွင်းယူနိုင်ခဲ့ပြီး ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဖီဖာအင်တာကွန်တီနယ်တယ်ဖလားပြိုင်ပွဲကို ယခင်နှစ်များက ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအမည်ဖြင့် ကမ္ဘာပေါ်ရှိတိုက်ကြီးများအလိုက် အဆင့်အတန်းအမြင့်ဆုံး ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ကလပ်အသင်းများဖြင့် ကျင်းပခဲ့သော်လည်း ၂၀၂၄ ခုနှစ် ပြိုင်ပွဲကို ဖီဖာအင်တာကွန်တီနယ်တယ်ဖလားပြိုင်ပွဲ အမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သော်လည်း လာမည့် ၂၀၂၅ ခုနှစ် ပြိုင်ပွဲကိုမူ ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲအမည်ဖြင့်သာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

ဖီဖာအင်တာကွန်တီနယ်တယ်ဖလားပြိုင်ပွဲကို အာရှတိုက်ကိုယ်စားပြု ယူအေအီးကလပ် အယ်အင်အသင်း၊ သမုဒ္ဒရာပိုင်းဇုန်ကိုယ်စားပြု နယူးဇီလန်ကလပ် အက်လန်းစီးတီးအသင်း၊ အာဖရိကတိုက်ကိုယ်စားပြု အီဂျစ်ကလပ် အယ်အာလိုင်အသင်း၊ တောင်အမေရိကဇုန်ကိုယ်စားပြု ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်း၊ ကွန်ကာကပ်ဖ်ဇုန်ကိုယ်စားပြု မက္ကဆီကိုကလပ် ပါချူအာအသင်းနှင့် ဥရောပဇုန်ကိုယ်စားပြု ရီးယဲလ်မက်ဒရစ်အသင်းတို့ဖြင့် အဆင့်အလိုက်ရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ဗိုလ်လုပွဲအဆင့်မှစတင်ကစားခဲ့ရခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလား၊ စပိန်စူပါဖလား၊ ဥရောပစူပါဖလားများကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါ ဖီဖာအင်တာကွန်တီနယ်တယ်ဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် တစ်နှစ်အတွင်း ဆုဖလားငါးကြိမ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;FIFA.Com*

# နယူးယောက်ရက်ဘူးအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ချူပိုမိုတင်းကိုခေါ်ယူ

**နယူးယောက် ဒီဇင်ဘာ ၁၉**

မေဂျာလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် နယူးယောက်ရက်ဘူးအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်တိုက်စစ်ကစားသမား ချူပိုမိုတင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် ချူပိုမိုတင်းသည် ဥရောပ ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့တွင် ကစားခဲ့ပြီး ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သူတစ်ဦးဖြစ်သည်။

ချူပိုမိုတင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်ကတည်းက ဘိုင်ယန်မြူးနစ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေပြီး အစောပိုင်းက ဆော်ဒီကလပ်အသင်းများသို့ပြောင်းရွှေ့ရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

နယူးယောက်ရက်ဘူးအသင်းကလည်း လာမည့်ဘောလုံးရာသီအတွက် ကစားသမားအင်အားဖြည့်တင်းမှုများလုပ်ဆောင်နေသဖြင့် ကလပ်အသင်းလက်မဲ့ဖြစ်နေသော ချူပိုမိုတင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဝုဗ်အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြ ဗစ်တာပါရဲရားကို ခန့်အပ်ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဒီဇင်ဘာ ၁၉**

ဝုဗ်အသင်းက နည်းပြ ဂယ်ရီအိုနေးကို ရာထူးမှထုတ်ပယ်ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် လက်ရှိ ကာတာကလပ် အယ်ရှာဘတ်အသင်းနည်းပြ ဗစ်တာပါရဲရားကို ခန့်အပ်နိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဝုဗ်အသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး တန်းဆင်းဇုန်အတွင်း ကျရောက်လျက်ရှိသည့်အတွက် ပြီးခဲ့သည့် အစ်ဗ့စ်ချ်အသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် နည်းပြ ဂယ်ရီအိုနေးကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၅၆ နှစ်အရွယ် နည်းပြ ဗစ်တာပါရဲရားသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝတွင် အိုလံပီယာကော့စ်အသင်း၊ ဖီနာဘာချီအသင်း၊ ရှန်ဟိုင်းပေ့ါခ်အသင်း၊ ကိုရင်သီယန်အသင်း၊ ဖလာမင်ဂိုအသင်းနှင့် လက်ရှိ အယ်ရှာဘတ်အသင်း စသည့်အသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့သော အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သကဲ့သို့ ခံစစ်ကစားသမားသုံးဦးသာထားပြီး တိုက်စစ်ဦးစားပေးကစားစေသည့် နည်းပြတစ်ဦးဖြစ်သည့်အတွက် ဝုဗ်အသင်းက နည်းပြသစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဝုဗ်အသင်းက ယခုဘောလုံးရာသီတွင် တန်းဆင်းဇုန်မှ ပြန်လည်ရုန်းထွက်နိုင်ရန် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းရန်ပြင်ဆင်နေပြီး ဇန်နဝါရီလအပြောင်းအရွှေ့ကာလမတိုင်မီ နည်းပြသစ်ခန့်အပ်လိုသည့်အတွက် ပြီးခဲ့သည့် ရက်ပိုင်းက ဗစ်တာပါရဲရားနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# မန်ယူအသင်းက လူငယ်ကစားသမား အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်နီးစပ်နေ

**မန်ချက်စတာ ဒီဇင်ဘာ ၁၉**

မန်ယူအသင်းက အသင်းနှင့် နောက်ပိုင်းပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် လူငယ်တောင်ပံကစားသမား အာမက်ဒီရယ်လိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် အာမက်ဒီရယ်လိုသည် ၂၀၂၁ ခုနှစ်က အတ္တလန်တာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝအစပိုင်းတွင် အသင်း၌ ကစားခွင့်မရရှိဘဲ ရိန်းဂျားအသင်း၊ ဆန်းဒါးလန်းအသင်းတို့ထံ အငှားစာချုပ်များဖြင့် ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၃ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

အာမက်ဒီရယ်လိုသည် အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့သော်လည်း နည်းပြဟောင်း တန်ဟတ်လက်အောက်၌ ပွဲကစားခွင့်နည်းပါးခဲ့ပြီး ကစားခွင့်ရရှိသည့်ပွဲစဉ်တချို့တွင် ပုံစံကောင်းပြနိုင်ခဲ့သော်လည်း နည်းပြတန်ဟတ်က အသုံးမပြုခဲ့သည့်အတွက် အာမက်ဒီရယ်လိုသည် အစောပိုင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

သို့သော် အာမက်ဒီရယ်လိုသည် နည်းပြသစ် အမိုရင်လက်အောက်တွင် ပွဲထွက်ကစားသမားအဖြစ် ပြန်လည်ပါဝင်ခွင့်ရရှိပြီး အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့်အတွက် မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **“ပညာ”ဆိုသည်မှာ အမှားအမှန်၊ အကောင်း အဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား နိုင်သည့် “အသိဉာဏ်”ရရှိစေ . . .**

❖ **နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ”ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် “စစ်မှန်သည့် အင်အား”တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ် ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင် ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့် ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံ သည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင် ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင် သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များ ဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက် ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင် ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှု ကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိ အောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင် ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနား MRTV နှင့် ဆက်စပ်ရုပ်သံ၊ ရေဒီယို FM နှင့် Online တို့မှတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်း အနားကို ဒီဇင်ဘာလ ၂၀ ရက် ညနေ ၅ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနုစ်သာရရှိစွာစီစဉ်ကျင်းပ မည်ဖြစ်သည်။


အဆိုပါအခမ်းအနားမစတင်မီ ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲမစတင်မီ ခေတ္တရပ်နားချိန်နှင့်ပွဲပြီးချိန်များ၌ နာမည်ကျော်အနုပညာရှင်များနှင့်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှု များလည်း ပါဝင်မည်ဖြစ်၍ မိဘပြည်သူများတိုက်ရိုက်ကြည့်ရှုနိုင်ရန် အတွက် ယင်းနေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV – HD၊ MRTV Sports၊ MRTV Parliament၊ MRTV Farmers’နှင့် MWD HD Channel၊ MWD Variety HD Channel၊ အကျိုးတူ ရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus၊ Sports 1၊ MNTV၊ M Channel၊ Channel K၊ Mahar Esport တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြ သော Star ၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ် သည်။

ထို့ပြင် ပိတ်ပွဲအခမ်းအနားကို Fortune နှင့် YTV တို့မှလည်း Delay ပြသမှုဖြင့် ဆက်လက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အထူးမိုးလေဝသသတင်း

### တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးထစ်ချုန်း ရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှု ကြောင့်လည်းကောင်း၊ စာမျက်နှာ ၁၂ ကော်လံ ၁ ❐

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၂၅ တွင် ဖော်ပြပါရှိပါသည်။

## မဟာဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပမည်

စာ - ၅ သို့

## (၁၉-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နိုင်ငံတကာသတင်း

**ကယ်လီဖိုးနီးယားပြည်နယ်က H5N1 ဗိုင်းရပ်ပျံ့နှံ့မှုအတွက် အရေးပေါ် အခြေအနေကြေညာ** စာ - ၂၃ သို့

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

**အာဖဂန်နစ္စတန်အရှေ့တောင်ပိုင်း၌ ယာဉ်မတော်တဆမှုနှစ်ခုကြောင့် လူ ၄၄ ဦးသေဆုံး** စာ - ၂၃ သို့